


# နှုတ်ချိုသလောက် မဂ်ဖိုလ်တားတယ်

## ကာမခြောက်မျိုး

(၁၇၇)

ဟောကြားသည့်နေ့
(၈ - ၁၂ - ၅၉)

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၄၅) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# နှုတ်ချိုသလောက်မင်္ဂဖိုလ်တားတယ်

(ကာမခြောက်မျိုး)

THITSARPARAMI LIBRARY
Date

ဟောကြားသည့်နေ့
(၈-၁၂-၁၉၅၉)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# နတ်ချီသလောက်မင်္ဂပိုလ်တားတယ်

## (ကာမခြောက်မျိုး)

ဟောကြားသည့်နေ့ (၈-၁၂-၅၉)

ဆုတောင်းပါရမီနဲ့ အလုံးစုံအကုန် ပြည့်စုံတဲ့ပုဂ္ဂိုလ်မိုလို့ မုန့်တွေဘာတွေနဲ့ ကျောင်းဒကာ ဒကာမတွေ ကြားဖူးတဲ့အတိုင်း မရှိတဲ့မုန့်ပဲပေးပါဆိုတော့၊ ဒါနဲ့ နတ်တွေက ကြားတာနဲ့ နတ်ဩဇာတွေ ထည့်ပြီးပေးလိုက်တော့၊ မရှိမုန့်ဟာ သာပြီးကောင်းတယ်ဆိုတဲ့ (အနုရုဒ္ဓါ) မင်းသားဟာ နောက်ရဟန်းဝတ်ပြီး သကာလ ဘုရားနောက်လိုက်တဲ့အခါမှာတဲ့၊ လောကီဘက်က သမထတွေမှာဖြင့် အဘိညာဉ်အကုန်ရတယ်လို့ မှတ်ကြပါ . . . (မှန်ပ့ါ)။

ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဣဒ္ဓိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ နုဿတိ၊ ယထာကမ္မုပဂ အဘိညာဉ်ခြောက်ပါးကိုရပါတယ်။

## နောက်ဘဝ ဘာဖြစ်ခဲ့တယ်ဆိုတာအကုန်မြင်တယ်

အဘိညာဉ် ခြောက်ပါးရပြီးသကာလ နေတာ၊ သူ့စိတ်ထဲမှာ အဘိညာဉ်နဲ့ ကြည့်လိုက်တယ်၊ ရှေ့လည်း ကမ္ဘာတွေကြည့်လိုက်တယ်၊ အင်း ငါ ဘာဖြစ်ခဲ့တယ် ငါဘာဖြစ်ခဲ့တယ်၊ သူ ဥပမာမယ် ကိုမြင့်တို့ မောင်နိုင်တို့ ခန္ဓာကိုယ်ထဲ နောက်ဆုတ်ဆုတ် ဆုတ်ဆုတ် ကြည့်လိုက်ရင် ဘာဖြစ်ခဲ့တယ်၊ ဘယ်ဘဝက ဘာဖြစ်ခဲ့တယ်။ ဘယ်လိုသေခဲ့တယ် ဘယ်လိုကြေခဲ့တယ်၊ ဘယ်လိုကောင်းစားခဲ့တယ် ဆိုတာတွေလျှောက်ပြီးသကာလ ကြည့်တယ်။

ကြည့်ပြီးသကာလမှ သူဟာ ငါလည်းပဲ လောကီနဲ့တော့ မပြီးသေးဘူး၊ လောကီမှာတော့ဖြင့် ငါဟာ ကမ်းကုန်အောင်ပဲ မြင်တာပဲဆိုတော့ မာနလေးက ပါလာတယ် . . . (မှန်ပ့ါ)။

လောကီမှာတော့ သူကမ်းကုန်မြင်တဲ့အတွက် မာနကလေး ပါလာတယ်၊ အဲဒီမာနပါကြောင်း သူက မသိဘူး မသိဘဲနဲ့ သူသည် တစ်ခါတည်း ခန္ဓာကိုယ်တို့၏ အဖြစ်အပျက်တွေကို ကြိုးစားလိုက်တယ်။

ကြိုးစားလိုက်တဲ့အခါကျတော့ ငါ့လို အမြင်ကျယ်တဲ့ ပုဂ္ဂိုလ် ဘယ့်နှယ်ကြောင့် မရဘဲရှိရမလဲ၊ ဒီလောက်တောင် ရှေ့ကမ္ဘာနောက်ကမ္ဘာတွေကို ပုဂ္ဂိုလ်သတ္တဝါတိုင်း ကြည့်လိုက်မယ်ဆိုရင် မြင်တာချည့်ပဲ။

## နိဗ္ဗာန်ကို ဉာဏ်နဲ့ မမြင်သေးဘူး

ကိုယ့်အကြောင်းကြည့်ပြန်လည်း နောက်ပိုင်းက ဘာဖြစ်ခဲ့တယ် ရှေ့ဘာဖြစ်လိမ့်ဦးမယ်ဆိုတာလည်း အကုန်သိနေတာပဲ၊ ဒီလို အမြင်ကျယ်တဲ့ ပုဂ္ဂိုလ်ဘယ့်နှယ်ကြောင့် အာသဝေါကုန်ခန်းပြီး နိဗ္ဗာန်ကို ဉာဏ်နဲ့ မလှမ်းနိုင်ဘဲ ရှိရမလဲလို့ သူ့စိတ်ထဲမှာ အောက်မေ့ပြီး သကာလ အားထုတ်လိုက်တယ်၊ ဖြစ်ပျက်တွေပဲ အားထုတ်လိုက်တယ်လို့ ဒကာဒကာမတွေက မှတ်ပါ . . . (မှန်ပါ့)။

အားထုတ်ရတာလည်း ဖြစ်ပျက်ချည့်ပဲ ဘယ်သူ ဘယ်ပုဂ္ဂိုလ်မဆိုပေါ့လေ . . . (မှန်ပါ့) ဘယ်ပုဂ္ဂိုလ်မဆို ရှုရင် ခန္ဓာကိုယ်၏ အဖြစ်အပျက်ပဲ အားထုတ်ကြရတာချည့်ပဲ၊ အဲ့ဒီလို အားထုတ်လိုက်တယ်။

အားထုတ်လိုက်တဲ့အခါကျတော့ အာသဝေါကုန်ခန်းတဲ့ နိဗ္ဗာန်ကို သူမျက်မှောက်ကို မပြုနိုင်ဘူး၊ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကြီး သူမမြင်ဘူး၊ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကြီး သူမမြင်တာ ဒကာ ဒကာမ

တွေက စောစော စဉ်းစားစမ်း၊ လောကီမာန်တက်ပြီး သကာလ နေတဲ့အတွက် မရတာ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## လောကီမာန်တက်နေရင် မရဘူး

လောကီမာန် တက်နေပြန်လို့ရှိရင်လည်း မရဘူးလို့ မှတ်ပါ . . . (မှန်ပါ့) အဲ မာနသည် မဂ်ဖိုလ်တားမြစ်တဲ့အထဲ ပါတယ်လို့ပဲ မှတ်တာပေါ့ . . . (မှန်ပါ့)။

ကာမစ္ဆန္ဒနီဝရဏ ဆိုတာ လောဘ၊ လောဘဆိုတာ မာနနဲ့ လည်း တွဲနေတာပဲ . . . (မှန်ပါ့) အဲ့ဒါကြောင့် ဩော် . . . **မာနလည်း မာန်ကလေးနဲ့ အားထုတ်လို့ရှိရင်ဖြင့် မရပါ လား ဆိုတာလေးလည်း ဒီအချက်မှတ်ပါ . . . (မှန်ပါ့)။**

ဒါဖြင့် မာနနဲ့ အားထုတ်လည်း . . . (မရပါဘူးဘုရား) အဲတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ အားထုတ်စေချင်တာက ဒီပုဂ္ဂိုလ်မရတာထောက်လိုက်တော့၊ ရှင်အနုရုဒ္ဓါဟာ ပါရမီပြည့် ပြီး သားတောင်မှ မာနခံနေလို့၊ လောကီမှာ အမြင်ကျယ်ပြီး သကာလနေတာနဲ့ မာနခံနေလို့ မရတာလည်း တိကနိပါတ် အင်္ဂုတ္တိုရ်မှာ သေသေချာချာ ဟောထားတယ် . . . (မှန်ပါ့)။

အဲ့ဒါ အလုပ်လုပ်တဲ့အခါကျလို့ရှိရင်ဖြင့် ခန္ဓာကိုယ် ဖြစ်ပျက်တွေ ရှုပြီး ကြိုက်တာရှုနေတဲ့အခါမှာ မာနမပါကြပါစေ နဲ့ ဆိုတာကိုလည်း ပြောလိုက်တယ် . . . (မှန်ပါ့)။

ငါကဲ့သို့ ပုဂ္ဂိုလ် ဘယ်နှယ်ကြောင့် မရဘဲ ရှိမတုံးဆိုပြီး သကာလ မာနနဲ့ လုပ်လို့ရှိရင်လည်း မရဘူးလို့မှတ်ပါ . . . (မှန်ပါ့)။

ဒါ ရှင်သာရိပုတ္တရာ သူလျှောက်နေတာ တပည့်တော်ဟာ ဘုရားတဲ့၊ ကမ္မာတွေ လျှောက်ပြီးသကာလ ကြည့်ပြီးသကာလ၊ အဘိညာဉ်လေးနဲ့ ကြည့်ပြီးသကာလ ကိုင်း ဒါနဲ့ မပြီးသေးဘူး၊ ရုပ်နာမ်ဖြစ်ပျက်တွေ ငါရှုဦးမှပဲဆိုပြီး ရှုလိုက်တဲ့ အခါမှာ၊ တပည့်တော်ဟာ အာသဝေါ ကုန်ခန်းတဲ့ နိဗ္ဗာန်ကြီးကို မမြင်ရပါဘူးဘုရားဆိုတော့ မရဘူးပြောလိုက်တာပေါ့လေ . . . (မှန်ပါ့)။

ဒုတိယတစ်ခါ တပည့်တော်ဟာ ဒါမရရင် ဘယ့်နဲ့နေပါ့မတုံးဆိုပြီး၊ တပည့်တော် ပိုမိုပြီးသကာလ ကြိုးစားလိုက်ပြန်ပါတယ်ဘုရားတဲ့၊ ခုနကထက် ပိုမိုပြီးသကာလ ကြိုးစားလိုက်ပြန်တဲ့အခါ တပည့်တော် သတိလည်း ရှိပါတယ်၊ သမာဓိလည်း ရှိပါတယ်တဲ့၊ ပဿဒ္ဓိဆိုတဲ့ ကိုယ်ငြိမ်း စိတ်ငြိမ်းလည်း ရှိပါတယ်တဲ့။

## ဝီရိယလွန်လည်း မရဘူး

ထိုကဲ့သို့ လုံ့လ ဝီရိယ ပြင်းပြင်းထန်ထန်နဲ့ သတိ၊ သမာဓိ ကြိုးစားလိုက်တာ၊ ဝီရိယတွေ လွန်လွန်မင်းမင်းနဲ့ ကြိုးစားလိုက်ပြန်လည်း တပည့်တော်ဟာ မရဘဲ ဖြစ်ပါတယ်ဘုရား။

ခုနက မာနကြောင့် မရဘူးနော် . . . (မှန်ပါ့) ခု ဝိရိယ လွန်လို့ မရဘူးလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့)။

ဒါနဲ့ တပည့်တော် ဆက်ပြီး စဉ်းစားပြန်ပါတယ် ဘုရားတဲ့၊ ဩော် . . . ငါကဲ့သို့ ပုဂ္ဂိုလ်ဟာ ဘယ့်နှယ်ကြောင့် အာသဝေါကုန်ခန်းတဲ့ နိဗ္ဗာန်ကြီးကို ဉာဏ်အားဖြင့် မမြင်ပါလိမ့်မလဲ၊ မလှမ်းနိုင်ပါလိမ့် မလဲလို့ ဆိုပြီး၊ တပည့်တော် ဆက်ပြီး ကြိုးစားပြန်တယ် ဘုရားတဲ့၊ ဘယ့်နှယ်ကြောင့် မမြင်ပါလိမ့် မလဲဆိုပြီး ဆက်ကြိုးစားပြန်လည်း မရပြန်ဘူး။

ဒါ . . . ကုက္ကုစ္စခံနေတယ် . . . (မှန်ပါ့) ဘယ့်နှယ်ကြောင့် မရပါလိမ့်မလဲဆိုတဲ့ ကုက္ကုစ္စခံနေတယ် . . . (မှန်ပါ့) ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုံးဆိုတာကိုလည်း မထည့်ရပေဘူးလား . . . (မှန်ပါ့)။

ဒီသုံးချက်ကို အသေအချာမှတ်ပါ၊ ဒါ ရှင်အနုရုဒ္ဓါအား ထုတ်လို့မရတာ . . . (မှန်ပါ့)။ အဘိညာဉ်တွေကို ရပြီးသကာလ ဩော် . . . ငါကဲ့သို့ သော ပုဂ္ဂိုလ်ဟာ ဘယ့်နှယ်ကြောင့် မရဘဲ ရှိရမတုံးဆိုပြီးသကာလ၊ ငါလောကီအမြင် အင်မတန် ကျယ်နေတဲ့ ပုဂ္ဂိုလ်ပဲဆိုပြီး၊ လောကီစျာန်တွေ မာနတက်ပြီးသကာလ ဝိပဿနာဘက်ကို ကူးလိုက်ပါတယ်။

## မာနခံနေလည်းမရဘူး

သမထကနေ ဝိပဿနာဘက် ကူးလိုက်ပြန်တော့ ဟိုမာန်က တန်းလန်းကြီး ပါပြီးသကာလ နေတဲ့အတွက်လည်း တစ်နံပါတ်မှာလည်း မရဘူးလို့ မှတ်လိုက်ပါ . . . (မှန်ပါ့)။

ဒါဖြင့် မာနခံနေလည်း . . . (မရပါဘုရား) အားထုတ်တဲ့ပုဂ္ဂိုလ်တွေ အတွက်မှာဖြင့်၊ အရေးကြီးတဲ့ အသုံးအနှုန်းတွေ သင်ပေးပြီ ဆိုတာ မှတ်ပါ . . . (မှန်ပါ့)။

အထက်တက်မည့် ပုဂ္ဂိုလ်များလည်း ထို့အတူပဲ၊ ဒါပါရင် မရဘူးဆိုတာ မှတ်ပါနော် . . (မှန်ပါ့) အောက်ဉာဏ်လည်း မရနိုင် အထက်ဉာဏ်လည်း မရနိုင်လို့ မှတ်လိုက်ပါ . . . (မှန်ပါ့)။

နောက်ကျတော့ . . . ဝီရိယညံ့တယ်ထင်ပြီး သကာလ ကိုမြင့်တို့ မောင်နိုင်တို့ ဝီရိယ ပိုပြီး ကြိုးစားလိုက် ပြန်တယ်နော် . . . (မှန်ပါ့)။

ကြိုးစားလိုက်ပြန်တော့လည်း အင်းဒီဖြင့် သတိတွေက နေရာကျပါရဲ့၊ သမာဓိတွေလည်း နေရာကျတယ်လို့ သူ့စိတ်ထဲမှာ ထင်ပါရဲ့၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိတွေလည်း ရပါရဲ့။

သို့သော် အာသဝေါကုန်ခန်းတဲ့ နိဗ္ဗာန်ကြီးကို အာရုံပြုနိုင်တဲ့ အခြေအနေ ရောက်အောင် မရပြန်ဘူး . . . (မှန်ပါ့) ဒါ ဝီရိယလွန်သွားလို့ လို့ မှတ်လိုက်စမ်း . . . (မှန်ပါ့)။

ဒါနဲ့ သူ့စိတ်ထဲ တွေးပြန်တယ်တဲ့၊ ရှင်အနုရုဒ္ဓါက ရှင်သာရိပုတ္တရာကို လျှောက်နေတာနော်။ ဒကာဒကာမတို့ . . . (မှန်ပါ့)။

ဘယ့်နှယ်ကြောင့်မရပါလိမ့်မလဲ၊ ကုက္ကုစ္စဝင်လာတယ် မောင်နိုင် (မှန်ပါ့) ဘယ့်နှယ်ကြောင့် မရပါလိမ့်မလဲ ဒါဘာပါလိမ့် . . . (ကုက္ကုစ္စပါဘုရား)

## ကုက္ကုစ္စဝင်လည်း မရဘူး

ကုက္ကုစ္စဝင်လာပြီး တစ်ခါဆက်ပြီး ကြိုးစားလိုက် ဘယ့်နှယ်ကြောင့် မရတာပါလိမ့်မလဲဆိုပြီး ဆက်ကြိုးစားပြန် တော့လည်း . . . ကုက္ကုစ္စခံနေတာနဲ့ပဲ အာသဝေါ ကုန်ခန်းတဲ့ နိဗ္ဗာန်ကို ဉာဏ်အားဖြင့် မမြင်နိုင်ဘဲ ဖြစ်ပြန်တယ် . . . (မှန်ပါ့)။

ဘယ်နှစ်ခု ရှိပြီတုံး . . . (သုံးခုရှိသွားပါပြီဘုရား) သုံးခု ရှိသွားပြီ။ ဒါဖြင့် **မာန ဥဒ္ဓစ္စ ကုက္ကုစ္စ** ဘယ်နှစ်ခုပါလိမ့် . . . (သုံးခုပါဘုရား)။

မာနပါလည်း မရဘူးနော် ဒကာဒကာမတွေ (မှန်လှပါ) ဥဒ္ဓစ္စဖြစ်နေရင်လည်း . . . (မရပါဘူးဘုရား) ကုက္ကုစ္စဝင်လာရင် လည်း . . . (မရပါဘူးဘုရား) သဘောကျပလား . . . (ကျပါ ပြီဘုရား)။

ကောင်းပြီ ဒါဖြင့် မဂ်ဖိုလ်တားမြစ်တဲ့ တရားသုံးခု မာန ဥဒ္ဓစ္စ ကုက္ကုစ္စလို့ မှတ်လိုက်စမ်းပါနော် . . . (မှန်ပါ) ငါကဲ့သို့ သောပုဂ္ဂိုလ် ဘယ့်နှယ်ကြောင့် မရဘဲ ရှိရမလဲလို့ မာနတွေ ထောင်နေပြန်လည်း လောကီချာန်ကို အားကိုးပြီး မာနတက် ပြန်လည်း မရဘူး . . . (မှန်ပါ)။

ဝိပဿနာ ကူးလို့မရဘူးတဲ့ . . . (မှန်ပါ) ဝီရိယတွေလွန် ပြီးသကာလ ပိုကြိုးစားလိုက်မဟုတ်ဆိုပြီး သူတစ်ခုတည်း ပိုလိုက် ပြန်လို့ရှိရင်လည်း ဒကာဒကာမတွေ မရဘူး . . . (မှန်ပါ)။

ဝီရိယချည့် အစွန်းထွက်နေလည်း မရဘူး . . . (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဩော် . . . ဘယ့်နှယ်ကြောင့် မရပါလိမ့်မလဲလို့ ဆိုတဲ့ ဘယ်အကြောင်းကြောင့်များ ဘယ်လိုဖြစ်လို့ မရပါလိမ့်မလဲ ဆိုတော့ ကုက္ကုစ္စကလည်း မလာပါစေနဲ့တော့ . . . (မှန်ပါ)။

ဘယ့်နှယ်ကြောင့်မရဘဲ ဖြစ်နေပါလိမ့်မလဲ ဘယ့်နှယ် ကြောင့် ဆိုကတည်းက ကုက္ကုစ္စ မရှိသေးဘူးလား . . . (ရှိပါတယ်ဘုရား) အဲ့ဒီ ဘယ့်နှယ်ကြောင့်မရဘဲ ရှိနေပါလိမ့် မလဲလို့ ကုက္ကုစ္စဝင်နေ ပြန်လို့ရှိရင်လည်း ဖြစ်ပျက်တော့ တွေ့မှာ ပဲတဲ့ . . . ဒကာဒကာမတို့ နိဗ္ဗာန်တော့ မရဘူးတဲ့ . . . (မှန်ပါ)။

ဘယ်နှစ်ခု ရှိသွားပြီတုံး . . . (သုံးခုရှိပါပြီဘုရား) ကဲ တစ်နံပါတ်က ဘာတဲ့ . . . (မာနပါဘုရား) နှစ်နံပါတ်က . . . (ဥဒ္ဓစ္စပါဘုရား) သုံးနံပါတ်က . . . (ကုက္ကုစ္စပါဘုရား) ကုက္ကုစ္စ။

အောက်မင်္ဂလည်း မရနိုင်၊ အထက်မင်္ဂကို ရချင်လို့ လာပြန်တော့ဖြင့်၊ ဒီသုံးခု တစ်ခုခု လွန်ကဲနေပြန်လို့ ရှိရင်လည်း မရနိုင်ဘူးဆိုတဲ့ဥစ္စာကိုလည်း၊ ယနေ့ရှေ့ပိုင်းမှာ ဒကာဒကာမ တွေ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ . . . ဪ မရလို့ရှိရင်ဖြင့် ဒီသုံးခု တစ်ခုခုဖြင့် အနှောင့်အယှက်ရှိပေ့ါဆိုတာ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လေးစားစွာနဲ့ပဲ မှတ်သားထားရမယ် . . . (မှန်ပါ့)။

## ဝီရိယလွန်ရင် ပျံ့လွင့်သွားတယ်

မာနရယ် . . . (ဥဒ္ဓစ္စရယ်၊ ကုက္ကုစ္စရယ်ပါဘုရား) မာန က ထောင်လွှားတာနော် . . . (မှန်ပါ့) ဥဒ္ဓစ္စက တစ်ခါ ဝီရိယ လွန်ပြန်တော့ ပျံ့လွင့်သွားတယ် . . . (မှန်ပါ့)။

မာနက သူသည် သူ့ကိုယ်သူ အထင်ကြီးမှုကို မာန . . . (မှန်ပါ့) သူ့ကိုယ်သူ အထင်ကြီးမှုကို (မာနပါဘုရား) မာန အထင်ကြီးလျက်နဲ့ မရပြန်တော့ ဝီရိယက ပိုလုပ်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

အထင်ကြီးလျက်နဲ့ မရပြန်တော့လည်း . . . (ဝီရိယက ပိုလုပ်ပါတယ်ဘုရား) ဝီရိယက ပိုလုပ်လိုက်တော့လည်း သမာဓိ ဘက်က ညံ့သွားမှာပဲ . . . (မှန်ပါ့) မညံ့ပေဘူးလား . . . (ညံ့ပါ တယ်ဘုရား)။

ထိုကဲ့သို့ ညံ့သောကြောင့်လည်း မောင်နိုင် ခုနက ရှင်အနုရုဒ္ဓါမှာ ကိုမြင့်တို့ မရဘူးတဲ့ . . . (မှန်ပါ့) ပါဠိတော် ပါဠိတော် ဒကာဒကာမတို့ ဒါလေးလေးစားစား မှတ်စမ်းပါ . . . (မှန်ပါ့)။

နောက်ကျတော့လည်း ဒကာဒကာမတွေက အားထုတ် ရင်းလည်း ဒီစိတ်ပေါ်တတ်တယ်နော် . . . (မှန်ပါ့) ဘယ့်နှယ် ကြောင့် သူများတော့ ရကြတယ်၊ ငါ့ဘယ့်နှယ်ကြောင့် မရပါလိမ့် မလဲ ဘာထင်ကြတုံး . . . (ကုဋ္ဌာဖြစ္စပါဘုရား)။

သူများတွေ ရ, ရသွားကြတယ်၊ ဘုန်းကြီးဆီမှာ နည်းယူ ပြီး အားထုတ်တာ အင်း ဒုက္ခချုပ်သွားကြသတဲ့၊ ငါ့တော့ ဘယ့်နှယ် ကြောင့် မချုပ်ပါလိမ့်မလဲဆိုပြီး၊ အဲ့ဒီ ဘယ့်နှယ်ကြောင့် မချုပ်ပါ လိမ့်မလဲ ဆိုပြီးသကာလ အားထုတ်နေပြန်လို့ရှိရင်လည်း ဒီကုဋ္ဌာဖြစ္စက ဝမ်းထဲမှာ အပင်းသဖွယ် ခံပြီးသကာလ နေသော ကြောင့်လည်း မရဘူး . . . (မှန်ပါ့)။

ဘယ်နှစ်ခု ရှိသွားတုံး . . . (သုံးခုပါဘုရား) ဩော် ဒါဖြင့် ဒကာဒကာမတို့ တစ်နံပါတ် ဘယ်သူပါလိမ့် . . . (မာနပါ ဘုရား) နှစ်နံပါတ်က . . . (ဥဒ္ဒစ္စပါဘုရား) သုံးနံပါတ်က . . . (ကုဋ္ဌာဖြစ္စပါဘုရား)။

## ရှင်အနုရုဒ္ဓါ ဆရာရှာတယ်

ဒါနဲ့ ရှင်အနုရုဒ္ဓါ သူ့ဟာသူ အားထုတ်လိုက်တယ် ဒီသုံးခု လွှန်နေတယ် ဒီသုံးခုဝင်နေတယ်ဆိုတာ ကိုမြင့်တို့ မောင်နိုင်တို့ သူမရိပ်မိဘူး . . . (မှန်ပ့ါ)။

ရှင်အနုရုဒ္ဓါ မရိပ်မိဘူး . . . မရိပ်မိတော့ ဩော် . . . ဆရာတော့ ရှာဦးမှတော်တော့မယ်ဆိုပြီးသကာလ ရှင်သာရိပုတ္တရာဆီ သွားလိုက်တယ် . . . (မှန်ပ့ါ)။

ဆရာတော့ ရှာဦးမှပဲဆိုပြီး ဘယ်သွားတုံး . . . (ရှင်သာရိပုတ္တရာဆီ သွားပါတယ်ဘုရား) ရှင်သာရိပုတ္တရာဆီသွားတော့ ရှင်သာရိပုတ္တရာကလည်း သူကဲ့သို့ အဘိညာဉ်ကရပြီးသား ပုဂ္ဂိုလ်ဖြစ်နေတယ် . . . (မှန်ပ့ါ)။

## ရှင်သာရိပုတ္တရာက သိနေတယ်

ငါ့လူ အနုရုဒ္ဓါအားထုတ်နေလိုက်တာ မာနက တစ်ချက်ခံလိုက်၊ ဥဒ္ဓစ္စက တစ်ချက်ခံလိုက် အင်း . . . ကုက္ကုစ္စက တစ်ချက်ခံလိုက် သူဘယ်ရမလဲဆိုတာ ဟိုက အဘိညာဉ်နဲ့ ကြည့်တော့လည်း မောင်နိုင်သိတယ် . . . (မှန်ပ့ါ)။

ဒါနဲ့ သူက သွားလျှောက်တဲ့အချိန်မှာ၊ အရှင်ဘုရားတဲ့ တပည့်တော် အဘိညာဉ်တွေနဲ့ လျှောက်ပြီးသကာလ ကြည့်တယ်၊ ကြည့်လိုက်တဲ့အခါကျတော့ အကုန်မြင်တာပါပဲဘုရား ပုဂ္ဂိုလ် သတ္တဝါတွေ အကုန်ပဲ ဘယ်သူဘာဖြစ်ခဲ့တယ် ဘယ်သူ

ဘယ်လိုသေလို့ ဘယ်သူ ဘယ်လိုကြွေခဲ့တယ် ဘယ်သူဟာ စကြဝတေးမန္ဓာတ်မင်း ဘယ်နှစ်ခါဖြစ်ခဲ့တယ်။

ဘယ်သူဟာ ဘယ်တုံးက ပါရမီဆုထူး ဘယ်လိုပန်ခဲ့တယ်၊ ဒါတွေ တပည့်တော် အကုန်မြင်ပြီးသကာလ တော်ကြာဒါနဲ့ မပြီးသေးပါဘူးလေ၊ ဝိပဿနာဘက် လှမ်းပါဦးမယ်ဆိုပြီး လှမ်းလိုက်တဲ့အခါမှာ၊ ငါကဲ့သို့သော ပုဂ္ဂိုလ် ဒီလောက် အမြင်ထူးခြားနေတဲ့ ပုဂ္ဂိုလ်၊ ဘယ့်နှယ်ကြောင့် မရသလဲဆိုပြီး တပည့်တော် သတိလည်းထားပါတယ်၊ သမာဓိလည်း ထားပြီးသကာလ ကိုယ်ငြိမ်း၊ စိတ်ငြိမ်းဆိုတာလည်း ထားပါတယ်။

ထိုကဲ့သို့ ထားပြီးသကာလ ကြိုးစားငြားသော်လည်း တပည့်တော် မရပါဘူးဘုရား၊ ရှင်သာရိပုတ္တရာကို လျှောက်နေပြီနော် . . . (မှန်ပ့ါ) နောက်တစ်ခါလည်း တပည့်တော် ဘယ့်နှယ်ကြောင့်မရ ရမတုံး၊ ဝီရိယနဲ့ ကြိုးစားလို့ရှိရင် ရမှာပေ့ါဆိုပြီး တပည့်တော် ဆက်လက်ပြီးသကာလ ဝီရိယတစ်ခါ သဲသဲမဲမဲနဲ့ ခတ်လွန်လွန်လေးနဲ့ ကြိုးစားလိုက်ပြန်လည်း၊ တပည့်တော် မရဘဲဖြစ်နေပါတယ်၊ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဘူး။

ဒါနဲ့ တပည့်တော်ဟာ တပည့်တော် ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုံးဆိုပြီးသကာလ၊ စိတ်ထဲမှာ ပေါ်လာပေါ်လာပြီးမှ ဆက်အားထုတ်ဦးမယ်ဆိုပြီး၊ ဆက်အားထုတ်တော့လည်း မရပါဘူးဘုရား ဆိုတော့ ရှင်သာရိပုတ္တရာ အဖြေပေးလိုက်တယ်။

## အလုပ်သမားမှာ အရေးကြီးလို့ သတိပေးတရား

မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ မင်း ခံနေတယ်ကွ ဒါတွေ လာသ၍ မင်းဘယ်တော့မှ ရမှာမဟုတ်ဘူး . . . (မှန်ပါ့)။

ဟော ရှင်သာရိပုတ္တရာ အဖြေပေးပြီ ဒကာဒကာမတို့ . . . (မှန်ပါ့) မာနရယ် . . (ဥဒ္ဓစ္စရယ် ကုက္ကုစ္စရယ်ပါဘုရား)။

အဲ့ဒါ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီတရားကို ဟောရခြင်းသည်၊ ဒီတရားကို ရှေ့ပိုင်းက ထားပြီးသကာလ ဟောရခြင်းသည်၊ ဒကာဒကာမတို့ အလုပ်သမားမှာ အရေးကြီး လို့ သတိပေးတရားလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

မာနရှိလည်း . . . (မရပါဘူးဘုရား) ဥဒ္ဓစ္စရှိနေလည်း . . . (မရပါဘူးဘုရား) ကုက္ကုစ္စရှိနေလည်း . . . (မရပါဘူး ဘုရား)။

အဲ့ဒါကြောင့် ဒကာဒကာမတို့ အားထုတ်တဲ့ အချိန် ဒီသုံးခု ပယ်ပြီးသကာလ အားထုတ်ပါလို့ ရှင်သာရိ ပုတ္တရာက ဟောတယ် . . . (မှန်ပါ့) ဒီသုံးခု ဖယ်ပြီး အားထုတ်တဲ့ (မှန်ပါ့)။

မာန်လည်း မပါပါစေနဲ့ . . . (မှန်ပါ့) ဥဒ္ဓစ္စ စိတ်ပျံ့လွင့် တာလည်း. . . (မပါရပါဘူးဘုရား) အဲ့ဒါ ဝီရိယလွန်လို့ ဖြစ်သွား တာနော် . . . (မှန်ပါ့)။

ကုက္ကုစ္စက အားထုတ်ရဖန်များတော့ ဘယ့်နှယ်များ ဖြစ်ပြီးသကာလ ဘယ်ပါရမီ ဘယ်လိုများ ဘယ့်နှယ်ကြောင့် ပါလိမ့် မတုံးဆိုတာလည်း မလာစေနဲ့ . . . (မှန်ပါ့)။

ဒါလာနေလို့ရှိရင်လည်း ဘုန်းကြီးတို့ ဒကာဒကာမတွေ ကုက္ကုစ္စက နီဝရဏ တရားလေးဖြစ်ပြီးသကာလ နေတော့ နီဝရဏဆိုတဲ့ ဥစ္စာသည်တဲ့ . . . နိဗ္ဗာန်မြင်ရမယ့် နေရာဌာန ပိတ်ပင်ဆီးတား တတ်သောကြောင့် နီဝရဏလို့ ဆိုထိုက်ပါတယ် ဘုရားကနော် . . . (မှန်ပါ့)။

## ခန္ဓာကိုယ်က ပြတာကြည့်ဖို့ပဲ

အဲ့ဒါတွေ သိထားတော့မှ ဩော် တို့ ဒီသုံးခု ရှောင်ကြဉ် ရမယ့်တရားသုံးခုပါလား၊ တို့ဟာ တို့ခန္ဓာကိုယ်စိုက်ပြီး သကာလ ခန္ဓာကိုယ်က ဖြစ်တာကိုပြတယ် ဖြစ်တာကြည့်ဖို့ပဲ၊ ပျက်တာလေး မြင်နေလည်း ပျက်တာ စိုက်ကြည့်ဖို့ပဲ၊ ဒီပျက်တာလေးတွေ ဖြစ်တာလေးတွေကို မုန်းနေလည်း၊ မုန်းလျက်နဲ့ ကြည့်ရုံပဲ လွတ်ချင်လည်း လွတ်ချင်သလိုနဲ့ လွတ်ချင်တဲ့စိတ်နဲ့ပဲ ဒါလေး တွေ လွတ်ရင်ကောင်းလေစွဆိုပြီး ဒါလေးပဲ ကြည့်ရုံပဲ။

ဒါလေးတွေ တစ်ခါ အင်း ရှေ့မှောက်မှာ ရောက်နေတာ လေးပဲ သူက ပြနေတာပဲ၊ ဒီလို ရှင်သာရိပုတ္တရာ ဉာဏ်နဲ့ပဲ မင်းဟာမင်း ဖြစ်စမ်းကွာ မင်းဟာမင်း ပျက်စမ်းကွာဆိုပြီး မှန်မှန်

သာကြည့်နေစမ်းပါ . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘယ်လို လုပ်ရမယ် . . . (မှန်မှန်သာ ကြည့်ရမှာပါဘုရား) မှန်မှန်သာကြည့်နေ မာနတွေ မပါစေနဲ့ ဥဒ္ဓစ္စကော . . . (မပါပါနဲ့ဘုရား)။

ကောင်းပြီ . . . ဥဒ္ဓစ္စကော မပါစေနဲ့၊ ကုက္ကုစ္စကော . . . (မပါပါ စေနဲ့ဘုရား) ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုံး ဆိုဟာများ တရားအားထုတ်ရင် သုံးကို မသုံးလိုက်ပါနဲ့တဲ့ . . . (မှန်ပါ) ကုက္ကုစ္စဝင်ပြီး ခုပါတယ် . . . (မှန်ပါဘုရား) သဘောပါပလား . . . (ပါပါတယ်ဘုရား)။

## ဒီသုံးခုမပပဲ်ရင်မရဘူး

ဒါနဲ့ ရှင်သာရိပုတ္တရာ လျှောက်လိုက်၊ ရှင်သာရိပုတ္တရာက မင်းဒီသုံးခု မပယ်သေးသ၍ကွာ ဘယ်မှာသာလျှင် ရနိုင်ပါ့မလဲ၊ ရှင်သာရိပုတ္တရာကလည်း ကိုမြင့်တို့ မောင်နိုင်တို့ သူက အဘိညာဉ်ရဆိုတော့၊ သူက ရဟန္တာဖြစ်ပြီးသား ပုဂ္ဂိုလ်ဆိုတော့ ရှင်အနုရုဒ္ဓါ အားထုတ်နေတာ ဒီသုံးခု သူမပယ်ဘဲနဲ့ အားထုတ်နေတာကိုးလို့ သူကသိတယ် . . . (မှန်ပါ) သဘောပါပလား . . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီသုံးခု မပယ်ရင် မရဘူးဆိုတာလည်း၊ ပါဠိတော်မှာ သေသေချာချာဟောထားတဲ့အတွက် အားထုတ်တဲ့အချိန်မှာ ဒကာဒကာမတို့ ဘယ်လိုအားထုတ်မှသင့်ပါ့မတုံးလို့၊ ဘုန်းကြီးဆီကို ဒကာဒကာမတွေ အကြံဉာဏ်ပေးပါလို့ တောင်းခဲ့သည်ရှိသော်၊ ဒကာဒကာမတို့ သူပြတဲ့ ဓမ္မကို ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်နဲ့ပဲ လုပ်ပါလို့ဆိုတာ သတိပေးလိုက်တယ် . . . (မှန်ပါ့)။

ဓမ္မာနုဓမ္မပဋိပတ္တိ ဆိုတဲ့အတိုင်း၊ တရားနဲ့လျော်အောင်သာ ကြည့်နေလို့ ပြောလိုက်တယ် . . . (မှန်ပါ့)။

တရားက အပျက်ပြပြန်လည်း အပျက်မြင်တဲ့ ဉာဏ်နဲ့ပဲ လျော်နေတာပဲ . . . (မှန်ပါ့) အပျက်ပြတော့ ဉာဏ်ကလည်း အပျက်ကြည့်တော့ အင်းအပျက်နဲ့ ဉာဏ်မဂ်နဲ့ဟာ လျော် မနေဘူးလား . . . (လျော်နေပါတယ်ဘုရား)။

အဲ့ဒီ ဓမ္မာနုဓမ္မပဋိပတ္တိဆိုတဲ့အတိုင်း၊ ရှေ့တရားက ပြလိုက်၊ ဖြစ်ပျက်ကိုလျော်အောင် နောက်က မြင်တဲ့အကျင့်မဂ်ဉာဏ်ပဲ ဆိုသဖြင့်၊ ရှေ့က ပြလိုက်တာကို နောက်က ကြည့်ရုံလေးသာ ခင်ဗျားတို့ အလုပ်လို့ မှတ်ပါ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ရှေ့ကပြတာကို . . . (နောက်က ကြည့်ရမှာပါဘုရား) ကြည့်ဖို့ အလုပ်ကလေးပဲလို့ ဒီပြင်တရား မနှောစေပါနဲ့၊ မရော

စေပါနဲ့၊ မာနလည်း မရောပါစေနဲ့၊ ဥဒ္ဓစ္စလည်း ဝီရိယလွန်ပြီး ဥဒ္ဓစ္စလည်း မရောစေပါနဲ့၊ ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုံးလို့ ဆိုတာလည်း မပါပါစေနဲ့ . . . (မှန်ပါ့)။

## တရားနဲ့ လျှော်အောင်ကျင့်

ဓမ္မာနုဓမ္မပဋိပတ္တိဆိုတဲ့အတိုင်း ဓမ္မကပြတဲ့တရား ရှုပြီး လျှော်သော သတိပဋ္ဌာန် မဂ်ဉာဏ်အကျင့်ကို ဝိပဿနာ မဂ်ဉာဏ် အကျင့်ကိုသာ ကျင့်ပေးပါ . . . (မှန်ပါ့)။

ဒါဖြင့် ရေလိုက်ကြာလိုက်နေ ဆိုတဲ့ အဓိပ္ပာယ်ကျတယ် . . . (မှန်ပါ့) လောကီအလိုပေါ့လေ . . . (မှန်ပါ့) လောကီအလို တော့ ဒကာဒကာမတွေ ရေမြင့် ကြာမြင့်ပေါ့ဗျာ . . . (မှန်ပါ့)။

ရေမြင့် ကြာမြင့်၊ ရေမြင့်ကြာမြင့်ဆိုသလို ဒီမှာလည်း သူပြတာလေး ကိုယ်က မနေမနားဘဲ ကြည့်နေရုံပါပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

သူပြတာကို . . . (မနေမနား ကြည့်နေရမှာပါဘုရား) မနေမနားဘဲ ကြည့်ပြီးသကာလ တရားကပြတယ်၊ မိမိက ဉာဏ်နဲ့ကြည့်တယ်၊ တရားက ပြတယ်၊ မိမိက ဉာဏ်နဲ့ကြည့် တယ်၊ တရားက ပျောက်ပြတယ် ပျောက်ပြတော့ ပျောက်ပြီလို့ ကြည့် နေရုံပဲ မုန်းစရာပြလည်း မုန်းပြီး မုန်းစရာပါလားလို့ပဲ ကြည့် နေရုံပဲ ဟုတ်လား . . . (မှန်ပါ့)။

အင်း . . . ဒီပြင် ရှုစရာ မပြပြန်လို့ရှိရင်လည်း ကိုယ်က လျစ်လျူရှုတဲ့ ဉာဏ်နဲ့ပဲ ကြည့်နေရုံပါပဲ . . . (မှန်ပါ့)။

## သမ္မပ္ပဓါန်လေးပါး

ဒါဖြင့် တရားအားထုတ်တဲ့ ဥစ္စာမှာ၊ ဒကာဒကာမတွေ အရိုးကြေကြေ အရေပျောက်ပျောက် တစ်ချက်မြင်အောင် သမ္မပ္ပဓါန်လေးပါး ဘုရားက ဟောလိုက်တာ ခင်ဗျားတို့ သမ္မပ္ပဓါန်လေးပါး ဟောလိုက်တာကလည်း (၁) မဖြစ်သေးသော ကုသိုလ်ကို ဖြစ်အောင်။ (၂) ဖြစ်ပြီးသော ကုသိုလ်ကို ပွားများ ရအောင် ဆိုတာ လွန်တာမပါပါဘူး သူ့ဟာ (မှန်ပါ့)။

(၃) မလာသေးတဲ့ အကုသိုလ်ကို ပယ်ရအောင်။ (၄) ရှိပြီးသား ကိလေသာကိုလည်း တစ်ခါတည်း ပယ်ဖြတ်ရအောင်။ မဖြစ်သေးတဲ့ အကုသိုလ်ကိုလည်း မဖြစ်ရအောင်ဆိုတာလည်း မျှအောင် လုပ်တာပါ (မှန်ပါ့)။

ဒါဖြင့် အားလုံး ဒကာဒကာမတွေ တရားအားထုတ် နည်း ရကြပါပြီလားလို့ ဒီကနေ မေးတယ် . . . (ရပါတယ် ဘုရား) တရားက အမှန်ပြတာကို ကျုပ်တို့က အမှန်လေး ရေ လိုက်ကြာလိုက် ကြည့်နေပါလို့ သတိပေးလိုက်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

တရားက သူ့ဟာသူ ပြနေတာကို ခင်ဗျားတို့က ထူးထူး ထွေထွေ ကြံစည်လို့လည်း မကြည့်နဲ့ . . . (မှန်ပါ့) သဘောကျ ပလား . . . (ကျပါပြီဘုရား)။

စိတ်တွေလည်း မပျံ့လွင့်စေနဲ့၊ အင်း အားထုတ်တာ မြင်တာလည်းကြာပြီ၊ ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုံးဆိုတာ လေးကိုလည်း ကြားမထိုးစေနဲ့ . . . (မှန်ပါ့)။

ဖြစ်ပျက်တွေ မြင်တာလည်း ကြာပြီ၊ ကြည့်လိုက်ရင် ဖြစ်ပျက်လည်း မချုပ်သေးဘူး၊ ဖြစ်ပျက်မချုပ်သေးတဲ့အတွက် နိဗ္ဗာန်ဟာလည်း မပေါ်လာသေးဘူး . . . ဘာများဖြစ်နေတုံး ဒါနဲ့လည်း ကြားမထိုးလိုက်ပါနဲ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဤကဲ့သို့ ကြားမထိုးပဲနဲ့ မှန်မှန်လေး ဓမ္မသာအနုပဿနာ ဝိပဿနာ ဆိုတာလေးကိုဖြင့် မမေ့ပါနဲ့ . . . (မှန်ပါ့)။

ဓမ္မသ-ရှေ့ကပြတဲ့ တရား၏၊ အနုပဿနာ-လျှော်သော ဝိပဿနာ နောက်ကျင့်လုံးလေးကို သူနဲ့လျှော်အောင် ကျင့်တဲ့ ကျင့်လုံးလေးတစ်လုံးဟာ အရေးကြီးဆုံးပဲ . . . (မှန်ပါ့) သဘော ကျပလား . . . (ကျပါပြီဘုရား)။

## ရှေ့ကအပျက်ဆိုရင် ညာဏ်ကအပျက်ကြည့်

ရှေ့က အပျက်ဆိုလို့ရှိရင် နောက်က ညာဏ်ကလည်း အပျက်ကြည့်ရုံပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ

ဘုရား) ရှေ့က ဖြစ်ပျက်က ရွံစရာ မုန်းစရာ ကြောက်စရာပြပြန် လို့ရှိရင်ကော (ရွံစရာ၊ မုန်းစရာ၊ ကြောက်စရာကို ကြည့်ရ မှာပါဘုရား)။

ရွံစရာ၊ မုန်းစရာ၊ ကြောက်စရာလို့ ကြည့်ရုံပဲ . . . (မှန်ပ့ါ) အပျက်ကလည်း ဒကာဒကာမတို့ သူ့ကို ဥပေက္ခာရှုပါ လို့ ဥပေက္ခာထားပြီး ခင်ဗျားတို့ ကြည့်နေပါ ဆိုလို့ရှိရင် ဥပေက္ခာ ထားပြီး ခင်ဗျားတို့က ကြည့်နေရုံပဲ . . . (မှန်ပ့ါ) သဘောကျ ပလား . . . (ကျပါပြီဘုရား)။

အဲ့ဒီကဲ့သို့ ကြည့်နေပြီဆိုမှဖြင့် ဘယ့်နှယ်ကြောင့် မချုပ် သေးပါလိမ့်မတုံးဆိုတာတွေ မလာစေနဲ့ . . . (မှန်ပ့ါ)။

ဘုန်းကြီးတို့ ဒကာဒကာမတွေ တချို့တရားအားထုတ် တာ ကြာနေတာနဲ့ သူများရကုန်ပြီ ငါဖြင့် မရသေးဘူး . . . မာနခံနေပြီ . . . (မှန်ပ့ါ) သဘောကျပလား . . . (ကျပါပြီ ဘုရား)။

ငါဖြင့်မရသေးဘူး၊ အဲ နောက်ကျတော့ ဘာမျှားဖြစ် နေလို့ ပါလိမ့်မတုံး၊ ဘာမျှားဖြစ်နေပါလိမ့်မတုံးဆိုတဲ့ ကုက္ကုစ္စ လာပြန်တယ် (မှန်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီဥစ္စာ ခင်ဗျားတို့ အတွေးရယ် ခင်ဗျားတို့ဟာ ခင်ဗျားတို့ သန္တာန်ပေါ် တဲ့စိတ်က ရိုက်လိုက်တာ ကို ခင်ဗျားတို့၏ မပေါ်ကောင်းတဲ့စိတ်တွေက ပေါ်ပြီး ကန့်ကွက်

တာလို့ မှတ်ကြဖို့ပဲ . . . (မှန်ပါ့) သဘောပါပလား . . . (ပါပါ ပြီဘုရား)။

ဒါဖြင့် အားထုတ်ဆဲပုဂ္ဂိုလ်များ အထက်တက်ပြီး သကာလ တပည့်တော်တို့ ရသထက်ရအောင် ကြိုးစားချင်ပါ တယ် ဆိုတဲ့ ပုဂ္ဂိုလ်များဟာလည်း ရှင်သာရိပုတ္တရာက ဒီသုံးခု ရှောင်ကွာ (မှန်ပါ့) သတိပေးလိုက်တယ်နော် . . . (မှန်ပါ့)။

မာနလည်း ရှောင် (မှန်ပါ့) ပြီးတော့ကော (ဥဒ္ဓစ္စလည်း ရှောင်ပါဘုရား) ကုက္ကုစ္စလည်း (ရှောင်ပါဘုရား) ကုက္ကုစ္စလည်း ရှောင်၊ ဒီရှောင်စရာသုံးခုကို ရှောင်တယ် အဲ့ဒီလို ရှင်အနုရုဒ္ဓါ က သွားပြီးသကာလ တပည့်တော် ဒီလိုအားထုတ်ပါလျက် သားနဲ့ မရတာ အရှင်ဘုရား အမိန့်ရှိစမ်းပါအုံးဆိုတော့ အို မင်း ဒီသုံးခုပယ်လိုက်ရင် ရပါတယ်ကွာ . . . (မှန်ပါ့)။

အသေအချာ သတိပေးတာ . . . (မှန်ပါ့) မာနလည်း ပယ်၊ ဥဒ္ဓစ္စလည်း ပယ်၊ ကုက္ကုစ္စလည်း . . . (ပယ်ရမှာပါဘုရား) ကုက္ကုစ္စဆိုတာက ဒကာဒကာမတို့ လာတယ်နော် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ (လာပါတယ်ဘုရား)။

ဘာများဖြစ်နေပါလိမ့် ဘာများဖြစ်နေပါလိမ့်မတုံး ဆိုတာ ဘာပါလိမ့် . . . (ကုက္ကုစ္စပါဘုရား) သဘောကျကြလား . . . (ကျပါတယ်ဘုရား)။

## သူ့ဟာသူ လိုက်သာကြည့်နေ

ဘာများဖြစ်နေပါလိမ့်၊ အရွယ်များကြီးသွားလို့လား၊ အင်း ဒကာကြီးလှိုင် ဒီလိုလည်း မအောက်မေ့နဲ့နော် . . . (မှန်ပါ့) ဘာမှမဖြစ်ဘူး ဘာမှမဖြစ်ဘူး သူ့ဟာသူ လိုက်သာကြည့်နေ . . . (မှန်ပါ့)။

သူ့ဟာသူ လိုက်သာကြည့်နေလည်း၊ လှေသွားတာကို ကုန်းပေါ်က လူက ကြည့်နေရုံပဲ၊ လူမပါလည်း မျောလာတဲ့ အမှိုက်ကလေး သစ်ရွက်ကလေး မျောမျော၊ လှေလေးမျောမျော၊ တုံးလေးမျောမျော၊ ဝါးလေးမျောမျော ခင်ဗျားတို့က ဩော် တွေ့မျောရင်တွေ့မျောတာ ကြည့်နေရုံပဲ ရှုရုံပဲ . . . (မှန်ပါ့)။

ဖြောင့်ဖြောင့်မျောနေရင်ကော (ဖြောင့်ဖြောင့်မျောနေတာကို ကြည့်ရမှာပါဘုရား) အမြီးပြန်ခေါင်းပြန် မျောနေရင်ကော . . . (အမြီးပြန်ခေါင်းပြန် မျောနေတာကို ကြည့်ရမှာပါဘုရား)။

သူမျောနေတာ ကိုယ်ကြည့်ရုံပဲ၊ ကိုယ်က ဘာမှ အစီအစဉ် ကိုယ်က လုံ့လဝီရိယ စိုက်နေစရာ လိုသေးသလား . . . (မလိုပါဘူးဘုရား)။

အဲ့ဒီလို ခန္ဓာကိုယ်ကြီးကို ဉာဏ်နဲ့လှည့်ပြီး ဘုန်းကြီးတို့ ဒကာဒကာမတွေက သူပြောသလို သူပြောသလို ကြည့်နေမယ် ဆိုလို့ရှိရင်ဖြင့် မကြာပါဘူးတဲ့ ရမှာ . . . (မှန်ပါ့)။

သူပြောသလို ကြည့်နေရင် . . . (မကြာပါဘူး ဘုရား) သဘောပါကြပလား . . . (ပါပါပြီဘုရား)။

## ရှင်သာရိပုတ္တရာက ပြောလိုက်တော့ လေးမင်တန်းရတယ်

အဲ့ဒါ ဘုန်းကြီးက ဟောတယ်လို့ မယူလိုက်ပါနဲ့နော် . . . (မှန်ပါ့) ရှင်သာရိပုတ္တရာက ရှင်အနုရုဒ္ဓါ မင်းကွာ . . . ဒီသုံးခု မင်းရှုပ်နေလို့ မရတဲ့ဥစ္စာ ဒီသုံးခု မဝင်ဘဲနဲ့ မင်းအား ထုတ်ကြည့်စမ်းပါကွာဆိုလို့ ချက်ချင်းရတယ် . . . (မှန်ပါ့)။

မင်လေးတန်ပေါ်တယ်၊ တစ်ခါတည်း တန်းရတယ် . . . (မှန်ပါ့) ဒကာဒကာမတွေ မလွယ်လား . . . (လွယ်ပါတယ် ဘုရား)။

အဲ့တော့ ရှိပြီးသား ပုဂ္ဂိုလ်ပြောတဲ့ အပြော ဖြစ်နေပြန်တော့ ဒကာဒကာမတွေက ဒီဟာမျိုးကလည်း တစ်ခါတလေ မာနကလည်း ဟို . . . သူများ ခုနစ်ရက်နဲ့ ရရင် ငါ-ငါးရက်နဲ့ ရအောင် ကြိုးစားမယ် . . . (မှန်ပါ့)။

ဒီလိုနဲ့လည်း မရဘူးတဲ့ မာနပါရင် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား) သူများ ဝီရိယနဲ့ ကြိုးစားတာပဲ ငါပိုကြိုးစားလိုက်မယ်ဆိုရင် မရဘူးတဲ့ . . . (မှန်ပါ့)။

ပိုကြိုးစားလိုက်မယ်ဆိုတော့ ဝီရိယမလွန်သွားပေဘူးလား (လွန်သွားပါတယ်ဘုရား) အဲ့ဒီတော့လည်း ဥဒ္ဓစ္စဘက်ပြေးသွားမယ် . . . (မှန်ပါ့)။

နောက် ပိုကြိုးစားလျက်နဲ့မှ ရက်သာကုန်တယ် မရဘဲဖြစ်နေပြန်တယ်၊ ငါဘာဖြစ်နေပါလိမ့် မတုံးဆိုတော့ ကုက္ကုစ္စက ဝင်ခုလိုက်ပြန်တယ် . . . (မှန်ပါ့) မခုဘူးလား . . . (ခုပါတယ်ဘုရား)။

အဲ့ဒီကဲ့သို့ ခုလိုက်ပြန်လို့ ရှိရင်လည်း မင်္ဂတား၊ ဖိုလ်တား၊ နိဗ္ဗာန်တားတွေက မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

## အထက်မင်္ဂတက်မည့်သူတွေ ဒီသုံးခုမပါပါစေနဲ့

ဒါဖြင့် ကဲ အားလုံး တရားနာကြတဲ့ ဒကာဒကာမတွေ အားထုတ်မယ့် ပုဂ္ဂိုလ်တွေကို အားထုတ်ဆဲလည်း ရှိနေကြတာပဲ။ အားထုတ်ပြီးသားလည်း ရှိနေကြတာပဲ၊ အောက်က အထက်တက်မယ့် ပုဂ္ဂိုလ်တွေလည်း ဒီအတိုင်း ဒီသုံးခုကို မပါပါစေနဲ့လို့ သတိပေးလိုက်တယ်နော် . . . (မှန်ပါ့)။

ဟာ . . . အောက်အဆင့်အောင်လို့ အထက်ဆင့်တက်ချင်ပြန်တယ်လို့ ကိုယ့်စိတ်ကူးရှိပြန်လို့ရှိရင်လည်း ဒီသုံးခုရှောင်ပါ . . . (မှန်ပါ့) သဘောပေါက်ကြပလား . . . (ပေါက်ပါတယ်ဘုရား)။

အဲတော့ ဩော် တချို့ကလာတော့ ငါပထမအဆင့် တော့ဖြင့် ဒုက္ခချုပ်တဲ့ဆီ ငါအာရုံပြုနိုင်တာ၊ ဒုတိယအဆင့် ကျတော့ ငါဆက်ပြီး အားထုတ်လိုက်တာ အတော်ကြာပြီ ဘာများဖြစ်ပါလိမ့်မတုံး ဘယ်သူ ဝင်လာတုံး . . . (ကုက္ကုစ္စ ဝင်လာပါတယ်ဘုရား)။

မရဘူး၊ မရဘူး၊ ဒါဖြစ်ပျက်ရှု၊ (မှန်ပ့ါ) သူ့ဟာသူ ပထမအဆင့် အောင်လို့ ဒုတိယအဆင့် တက်ချင်တက် ဒုတိယ အဆင့်တက်နိုင်ပါစေ ဆိုပြီးသကာလ ကြိုးစားပြီး သကာလ သတိပဋ္ဌာန်လေးသာ လုပ်ပါ . . . (မှန်ပ့ါ) သဘောကျပလား (ကျပါပြီဘုရား)။

ရှေ့ဦပြတဲ့ ခန္ဓာဓမ္မ၏ သူနဲ့ လျှော်သော သတိပဋ္ဌာန် မဂ်ဉာဏ်အကျင့်ကိုသာလျှင်တဲ့၊ ပဇာနေယျ-သိရာ၏ ကျင့်ရာ၏ သဘောကျပလား . . . (ကျပါပြီဘုရား)။

သူက ပြတာလေးသာ အစဉ်အတိုင်းလိုက်ပြီး ကြည့်သာ နေလို့ရှိရင်ဖြင့်၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ လိုရာခရီး ပေါက်ပါလိမ့်မယ်ဆိုတာ ကန့်ကွက်တဲ့ တရားတွေ မပါပါဘူး . . . (မှန်ပ့ါ) ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

## ဒါလုပ်နည်းတစ်ဆင့်တက်လိုက်တာ

ဒါဖြင့် ဩော် ဒါလုပ်နည်းတစ်ဆင့် တိုးပေးလိုက်ပြန် တာပဲ၊ အကိုးအကား အလုံအလောက်နဲ့ ရှင်အနုရုဒ္ဓါက မဖြစ်နိုင်

လို့ ရှင်သာရိပုတ္တရာ သွားပြောတဲ့အခါ၊ မင်းဟာလည်း အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်၊ မင်းခပ်ကြွားကြွားအားထုတ်တော့ မင်းက မာနလေးကလည်း ပါတယ်၊ ဒါကြောင့် မင်းမရတာ နောက် မင်းဆက်ပြီး အားထုတ်၊ ငါကဲ့သို့သော အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်ဟာ ဘယ့်နှယ်ကြောင့် မရဘဲ ရှိရမတုံးဆိုတော့၊ မင်းက ဝီရိယ လွန်ကဲပြန်တော့လည်း ဥဒ္ဓစ္စကမင်း မနိုင်ပြန်ဘူး ဒါကြောင့် မင်းမရဘူး။

တစ်ခါ ဥဒ္ဓစ္စကို ကြည့်တော့ မရဘဲ နေပြန်တော့လည်း ငါဘယ့်နှယ်ကြောင့် မရ၊ အာသဝေါကုန်ခန်းတဲ့ နိဗ္ဗာန်ကြီးကို ဘာများ ဖြစ်နေလို့ မရပါလိမ့်မတုံး ဆိုတဲ့ မင်းကုက္ကုစ္စကလည်း လာပြန်တယ် . . . (မှန်ပ့ါ)။

## ရှင်အနုရုဒ္ဓါ ရဟန္တာဖြစ်သွားတယ်

မင်း ဒီသုံးခုကို မနိုင်တဲ့အတွက် မင်းမရတာ၊ ဒီသုံးခုကို မလာဘဲနဲ့ ကြိုးစားရင် မင်းရမယ်ဆိုတော့၊ ရှင်အနုရုဒ္ဓါက ဒီသုံး ခု ရှောင်ပြီး ကြိုးစားလိုက်တော့လည်း ရဟန္တာထိအောင် ဖြစ်တယ် . . . (မှန်ပ့ါ) သဘောပါပလား . . . (ပါပါပြီဘုရား)။

အဲ ပယ်ရမယ့်တရား ဘယ်နှစ်ခုပါလိမ့် . . . (သုံးခုပါ ဘုရား) ဘယ်သူပါလိမ့်ဗျာ . . . (မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စပါဘုရား) အဲ အဲ့ဒါ ပါဠိတော်ပါတဲ့ ပါဠိတော်မှာ အသေအချာပါတယ်လို့ မှတ်ပါတဲ့ . . . (မှန်ပ့ါ)။

အင်္ဂုတ္တိုရ်ဆိုတော့ သုံးခုကန့်ကွက်ရင် သုံးခုပဲ ဟောတာပဲ . . . (မှန်ပါ့) ကဲ မောင်နိုင်တို့ လုပ်တတ်ကြပလား . . . (လုပ်တတ်ပါပြီဘုရား)။

အားလုံး ဒကာဒကာမတွေ ယနေ့ တရားပွဲ ရှေ့ပိုင်းမှာ အတော်အရေးကြီးတယ်ဆိုတာကော သဘောကျပလား . . . (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့၊ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်မှာ ဤအတိုင်း လုပ်ပါဆိုတာကိုဖြင့် ဒီအပိုင်းကို ဒီအတိုင်း မှတ်ထားတာပေါ့နော် . . . (မှန်ပါ့)။

မမေ့ကြစေနဲ့နော်. . (မှန်ပါ့) မမေ့စေနဲ့အရေးကြီးတယ်။

ကိုင်း မနေ့ကတရား ဆက်ကြပါစို့၊ မနေ့ကတရားက နိဗ္ဗာနိက အရိယာယသုတ်၊ ဆက္ကနိပါတ် အင်္ဂုတ္တိုရ်မှာလည်း ဟောတယ် . . . (မှန်ပါ့) ဒါက ဒီယာ နိကာယ် အင်္ဂုတ္တိုရ် သုံးခု။

ဆက္ကနိပါတ် အင်္ဂုတ္တိုရ်မှာက ဟောစရာ ဒကာဒကာမတွေ ကျန်နေတယ် . . . (မှန်ပါ့) ဒကာဒကာမတွေမှာ ဘယ့်နှယ်ကြောင့် သံသရာထဲမှာ ရှည်ပြီး သကာလ အိုဘေး၊ နာဘေး၊ သေဘေးတွေကိုပဲ အဖော်လုပ်ပြီးသကာလ အပေါင်းအသင်းနဲ့ အရင်းအနှီးဆုံး ဖြစ်နေပါလိမ့်မလဲဆိုတဲ့စကားဟာ မေးဖို့ လိုလာတယ် . . . (မှန်ပါ့)။

ကွာ . . . . ထိုးထွင်းရမယ့် အကြောင်းတရား မင်းတို့ မသိဘူး (မှန်ပ့ါ) သဘောကျပလား . . . (ကျပါပြီဘုရား) ထိုးထွင်းသိရမယ့် အကြောင်းတရားကို . . . (မသိပါဘုရား)။

. . . အဲ့ဒါဖြင့် ငါဘုရားက ထိုးထွင်းသိရမယ့် အကြောင်းကို ငါ သေသေချာချာ ဟောပ့ါမယ် . . . (မှန်ပ့ါ) ထိုးထွင်းသိရမယ့် အကြောင်းကို မင်းတို့က ထိုးထွင်းပြီးသကာလ မသိတဲ့အတွက် အိုဘေး၊ နာဘေး၊ သေဘေး၊ ငရဲဘေးတွေ၊ ကိုးဆယ့်ခြောက်ပါးသော ဘေးဘယာတွေကို မင်းတို့သည်ကားလို့ ဆိုလို့ရှိရင် မင်းတို့ကိုယ်ပိုင်မစွည်းဖြစ်ပြီးသကာလ နေတော့တယ် ဆိုတဲ့ဥစ္စာ ဘုရားက ဟောလိုက်တယ် . . . (မှန်ပ့ါ)။

**ကာမခြောက်မျိုး**

အဲဒါဖြင့် ယနေ့ ခြောက်ချက်တော့ ဟောရလိမ့်မယ် ဒကာဒကာမတို့၊ ဘာဟောရမတုံးလို့ဆိုလို့ရှိရင်ဖြင့်တဲ့

**ကာမခြောက်မျိုး**

(၁) ကာမကိုလည်း သိရမယ်နော် . . . (မှန်ပ့ါ)။

(၂) ကာမဖြစ်ကြောင်းကိုလည်း . . . (သိရမှာပါဘုရား) သိရမယ် . .

(၃) ကာမ၏ ထူးခြားပုံကိုလည်း . . . (သိရမှာပါဘုရား)။ ကောင်းပြီ . . .

(၄) ကာမ၏ အကျိုးပေးကော . . . (သိရမှာပါဘုရား)။

(၅) ကာမ၏ ချုပ်ရာကော . . . (သိရမှာပါဘုရား)။

(၆) ကာမ၏ ချုပ်ရာချုပ်ကြောင်း အကျင့်ကော . . . (သိရမှာပါဘုရား)။

သိရမယ်ဆိုတော့ ဒါ ရက်ပေါင်းများစွာ ဟောလာတာ ဒီခြောက်ချက်ဟာ အစဉ်ကတော့ ဒါချည့်ပဲ သွားမှာပဲ . . . (မှန်ပါ့)။

မင်းတို့ဟာ ကွာတဲ့ ကာမလည်း သိဖို့ အရေးကြီးတယ် (မှန်ပါ့) ကာမဆိုတာ မင်းတို့ မှတ်ထားစမ်းပါတဲ့ ကာမဆိုတဲ့ ဥစ္စာ မင်းတို့ သန္တာန်ထဲမှာ **ကာမေတီတိ ကာမော။**

ကာမေတိ-**မင်းတို့ သန္တာန်၌ လိုချင်တတ်တဲ့ သဘောလေး၊** ခင်တတ်တဲ့သဘောလေး၊ **မင်တတ်တဲ့ သဘောလေးဟာ ကာမလို့ မှတ်စမ်းပါ** . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ခင်မင်တဲ့သဘောဟာ ကာမ

ခင်မင်တဲ့ သဘောလေးဟာ . . . (ကာမပါဘုရား) အဲ့ဒီ အဲ့ဒီ ကာမဟာ ကြော် . . . ခင်မင်တဲ့ သဘောလေးဟာ ခင်ဗျား တို့ကတော့ ဘယ်လိုယူကြသတုံးလို့၊ ခုတရားနာ ဒကာဒကာမ

တွေကလည်း ဘယ်လို ယူလေ့ရှိတုံးလို့ အမေးထုတ်လို့ရှိလျှင်. . .

ခင်တတ်မင်တတ်တဲ့ စိတ်ဟာ စိတ်ကောင်း၊ တချို့ကလည်း . . . လူမြင်ရင် မျက်စောင်းထိုး၊ လူမြင်ရင် မျက်စောင်းထိုး၊ အင်း ကျုပ်တို့ကတော့ ဒီလိုစိတ်ထား မရှိပါဘူး ခင်တတ်မင်တတ်ပါတယ်။

ဒီလိုမပြောကြဘူးလား . . . (ပြောပါတယ်ဘုရား) အဲ့ဒါကာမပဲ ဒကာဒကာမတို့ . . . (မှန်ပါ့)။

ခင်တတ် မင်တတ်တဲ့ စိတ်ကလေးက ဘာပါလိမ့် . . . (ကာမပါဘုရား) ကာမပဲတဲ့ အဲ့တော့ ဒကာဒကာမတို့ ဒီကာမကိုလည်း သိထားရမယ် . . .(မှန်ပါ့)။

ဩော် . . ခင်တတ် မင်တတ်တဲ့ စိတ်ကလေးဟာ ဘာပါလိမ့် (ကာမပါဘုရား) ကောင်းပြီ ဒီကာမလေးတွေ မပြုတဲ့အတွက် အင်း . . . ခင်ဗျားတို့က ဒါ စိတ်ကောင်းလေးပဲလို့ အောက်မေ့လိမ့်မယ် . . . (မှန်ပါ့) မအောက်မေ့ပေဘူးလား . . . (အောက်မေ့ပါတယ်ဘုရား)။

## နှုတ်ချိုသလောက် မဂ်ဖိုလ်တားတယ်

အင်း စိတ်ကောင်းလေးပဲလို့ အောက်မေ့လို့ရှိရင်၊ ကာမဆိုတာ အလိုရှိတတ်တာ၊ ကာမဆိုတော့ သူက ခင်ဗျားတို့

တစ်ယောက်တစ်ယောက် မြင်လည်း ချစ်ပါတယ်၊ ခင်ပါတယ်၊ ကြင်နာပါတယ်ဆိုတဲ့ အသွားတွေဟာ အင်း . . . နှုတ်ချိုသလောက် မဂ်ဖိုလ်တော့ တားတယ်ကွာ . . . (မှန်ပါ့)။

ကာမကိုး . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား) ကာမဆိုတာ နှုတ်ချိုပြီး ထွက်မလာဘူးလား . . . (ထွက်လာပါတယ်ဘုရား) မဂ်ဖိုလ်ကျတော့ ဘာဖြစ် (တားပါတယ်ဘုရား)။

အဲဒီကာမကို မင်းတို့က မသိတော့၊ ဟို ဒီဥစ္စာ တရားအားထုတ်တာတောင်မှ ဘယ်သူနဲ့မှ ကျုပ်နဲ့ ခင်တယ်၊ သူနဲ့ တွဲပြီးအားထုတ်ရမယ်ဆိုတော့၊ ကာမက ဝင်ပြီး လာချင်လာပစ်လိုက်တာ. . . (မှန်ပါ့) မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

အင်း ဘယ်ဇရပ်ကလေးမှ ကျုပ်က အားထုတ်ချင်တာ ဒီပြင်ဇရပ်ဆိုရင် ကျုပ်က တယ်ပြီးစိတ်က ကျေနပ်တာမဟုတ်ဘူး။ ခြေဦးတောင် တယ်မလှည့်ချင်ဘူး၊ ဟို့ ခင်တဲ့အချိန် ကာမက လှည့်နေတယ် . . . (မှန်ပါ့) မလှည့်ဘူးလား . . . (လှည့်ပါတယ်ဘုရား)။

အဲဒီကာမကလည်း အတော်ဆိုး . . . (ဆိုးပါတယ်ဘုရား) မဆိုးဘူးလား . . . (ဆိုးပါတယ်ဘုရား) အဲတော့ ကာမကိုလည်း သိရမယ်ဆိုတာ၊ ဩော် . . သူမဂ်ဖိုလ်တားတဲ့ တရားပဲလို့ ဆိုတာကိုလည်း စောစောစီးစီးသိထားရမယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲတော့ ခင်ဗျားတို့ ခု အားလုံး ဒကာဒကာမတို့ ဥပုသ်စောင့်သွားကြတယ်၊ အင်း တရားအားထုတ် သွားကြတယ် ဆိုလို့ရှိရင်၊ ဒီကာမလေး မြှောင်လိုက်နေတာ သိမှ မသိပဲ . . . (မှန်ပါ့) သိကြရဲ့လား (မသိပါဘူးဘုရား)။

## ၁။ ကာမက မြှောင်ပြီးလိုက်နေတယ်

ကာမလေး မြှောင်ပြီးသကာလ လိုက်တယ်၊ ခင်တဲ့ပုဂ္ဂိုလ်ရှာရဦးမယ်၊ သူနဲ့မှ တရားအားထုတ်မှ ကျုပ်နေရာကျမယ် ဆိုတော့ ဒီခင်မင်တဲ့ ပုဂ္ဂိုလ် ကာမက ဦးခန့်ရေ ! ဝမ်းထဲရောက်နေတယ် . . . (မှန်ပါ့)။

ကာမဆိုတာကလည်း ခင်တဲ့ပုဂ္ဂိုလ်ကို ခင်တဲ့တရားကိုဆိုတာကိုး . . . (မှန်ပါ့) အလိုရှိတတ်တဲ့ တရားကာမကိုး . . . (မှန်ပါ့)။

အဲ့ဒါလေးနဲ့ အားထုတ်နေပြန်လို့ရှိရင်လည်း၊ ဒကာဒကာမတွေ ကိုယ်ကတော့ မသိဘူးတဲ့ . . . ။

အားထုတ်တဲ့ ပုဂ္ဂိုလ်အချင်းချင်း၊ တစ်ယောက်တစ်ယောက်ငဲ့ပြီး ခင်နေတာနဲ့ပဲ မရပါဘူး ဒီဥစ္စာ . . . (မှန်ပါ့) ကာမ ဝင်ရှုပ်နေတာ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါ အသေအချာ တွေးမှနော် . . . (မှန်ပါ့) ဖြစ်စဉ် ကိုက်ကော ဟုတ်ပါရဲ့လား . . . (ဟုတ်ပါတယ်ဘုရား) ကျုပ်က သူနဲ့ ဒီဝါမဝင်ဘူး၊ အားမထုတ်ချင်ဘူး၊ လာချင်လာသေးတာဟာ တရားအားထုတ်တဲ့အခါ ကိုယ့်ခန္ဓာကြည့်ပြီး တရားအားထုတ်မှ ဘယ်သူနဲ့မှ အရောဝင်ဖို့ရာ မလိုပါဘူး . . . (မှန်ပါ့)။

ဘယ်သူနဲ့ တွဲနေဖို့ကော . . . (မလိုပါဘူးဘုရား) ခုတော့ သူက အတွဲလေးနဲ့ . . . (မှန်ပါ့) ခင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ မှ ဟုတ်လား သူကမှ ကျုပ်ငဲ့တာ ကျုပ်မူးဝေနေ အော့အံနေ သူကမှ နှိပ်ပေးမှာ၊ သူက နောက်ကြောထိုးပေးမှာ၊ ဒီလို ပုဂ္ဂိုလ် ငဲ့နေ၊ ရကိုမရဘူး ကာမပါတယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အတော့်ကို မဆိုးဘူးလား . . . (ဆိုးပါတယ်ဘုရား) အေး . . . ဒါကြောင့် ကာမလေးကိုလည်း သိထားရမယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ၂။ ကာမဖြစ်ကြောင်း

ကာမဖြစ်ကြောင်းကိုလည်း သိရဦးမယ် . . . (မှန်ပါ့) ကာမဖြစ်ကြောင်း ခု ကာမတော့ လောဘဆိုပြီး သိပြီနော် . . . (မှန်ပါ့)။

ခင်မှူလောဘကလေးကို ဘာခေါ်ကြမယ် . . . (ကာမ ပါဘုရား) ကာမဖြစ်ကြောင်း သိရဦးမယ် မောင်နိုင်ရ . . . (မှန်ပါ) ထိုးထွင်းသိရဦးမယ် . . . (မှန်ပါ)၊

ဒကာဒကာမတို့ ဘာသိရမယ် . . . (ကာမဖြစ်ကြောင်း ထိုးထွင်းသိရမှာပါဘုရား) ကာမဖြစ်ကြောင်း ထိုးထွင်းသိရမယ် ဆိုတော့၊ မတွေ့ခင်က ဖြစ်တဲ့ ကာမလားတဲ့၊ သူ့ဘတ် လှည့် လိုက်မှ အာရုံ၊ အာရမ္မဏိက ထိခိုက်မှ ဖြစ်တဲ့ ကာမလားလို့ မေးပါ . . . (အာရုံ၊ အာရမ္မဏိက ထိခိုက်မှ ဖြစ်တဲ့ ကာမပါ ဘုရား)။

ဒါဖြင့် ထိခိုက်တာက ဖဿ . . . (မှန်ပါ) ဖဿကြောင့် ကာမဖြစ်တာ . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ ဘုရား)။

ဖဿကြောင့် . . . (ကာမဖြစ်တာပါ ဘုရား) မင်း ဥပုသ် စောင့်မလား၊ ဒီနေ့မစောင့်သေးဘူး၊ ဒါဖြင့် ကျုပ်လည်း မစောင့် သေးဘူးဆိုလို့ရှိရင် မကိုက်သေးဘူးကွ . . . (မှန်ပါ) သဘော ကျပလား . . . (ကျပါပြီဘုရား)။

ဆုံးအောင် ကိုယ့်လမ်း ကိုယ်သွား၊ ကိုယ့်ဒုက္ခ ကိုယ်သိမ်း တာပဲ၊ ဟိုလူပါမှ ကိုယ်သိမ်းဖြစ်မယ်ဆိုတော့ ဟိုလူပါတယ် ဆိုကတည်းက ဘယ်ဖြစ်တော့မတုံး . . . (မှန်ပါ) ဖြစ်နိုင်ပါ့ မလား (မဖြစ်နိုင်ပါဘူးဘုရား)။

## ကာမဖြစ်ကြောင်းက ဖဿ

အဲ့ဒါတွေ လိုက်စဉ်းစားတယ် ဒကာဒကာမတွေရ။ ကိုင်း ဒါဖြင့် ကာမဖြစ်ကြောင်းက ဖဿရှင်းပလား (ရှင်းပါပြီဘုရား)။

လောဘဖြစ်ကြောင်း . . . (ဖဿပါဘုရား) ဖဿ လောဘဟာ ကာမပါပဲ နော် . . . (မှန်ပါ့)။

အဲ့ အဲဒီ ဖဿနဲ့ ဖဿဆိုတာက ခင်တာ ဒကာ ဒကာမတို့ စိတ်ထဲမှာ တွေ့လို့ ခင်တာလည်း ရှိတယ် . . . (မှန်ပါ့) လူကိုယ်တိုင်တွေ့လို့ . . . (ခင်တာလည်းရှိပါတယ် ဘုရား)။

တွေ့တဲ့ ဖဿက ရှေ့သွား . . . ခင်တာက နောက် လိုက် (မှန်ပါ့) ဒါဖြင့် ကာမဟာ ဘယ်သူ့ကြောင့်ဖြစ်တုံး . . . (ဖဿကြောင့်ပါဘုရား) ရှင်းပလား . . . ( ရှင်းပါပြီဘုရား)။

ဩော် . . . ကာမဆိုတာ ဒကာဒကာမတွေ မေးကြည့် ချင်တယ် ဘုန်းကြီးတို့က အင် နောက်ဘဝက မွေးခဲ့တဲ့ သား သမီးတွေများ ခင်ကြရဲ့လားလို့မေးရင် ဘယ့်နှယ်ပြောမတုံး . . . (မခင်ပါဘူးဘုရား)။

ဖဿက ဆက်မပေးဘူး . . . (မှန်ပါ့) ဖဿက ဆက် မပေးဘူး၊ ဆက်ပေးလို့ရှိရင် ခင်ဗျားတို့ အားတောင် မအားဘူး (မှန်ပါ့)။

နောက်ဘဝက သားသမီးပေါင်း ဘယ်လောက်များ မွေးဖွားခဲ့ကြသတုံးဆိုတော့ သံသရာနဲ့ အမျှပဲ ကိုမြင့်၊ မောင်နိုင်ရ ရေတွက်နိုင်ပါ့မလား . . . (မရေတွက်နိုင်ပါဘူးဘုရား)။

အဲတော့ ဖဿက ဆက်သွယ်မပေးတော့ အဝိဇ္ဇာက ဖုံးတော့ ဖဿက ဆက်သွယ်ချိန် ရသေးရဲ့လား . . . (မရတော့ ပါဘူးဘုရား) နို့ မရတဲ့အတွက် ခင်ပါရဲ့လားလို့ မေးတော့ ဘယ့်နှယ်ဖြေကြမတုံး . . . (မခင်ပါဘူးဘုရား)။

ခု တွေ့တဲ့ သားသမီးလေးတွေကျတော့ ဆိုးလည်းမပစ် နိုင်၊ ကောင်းလည်း မပစ်နိုင် မလာကြဘူးလား . . . (လာပါ တယ်ဘုရား)။

## ဖဿက ဆက်သွယ်ပေးတယ်

အခု တွေ့တာတွေကျတော့ ဒါကတော့ ဖဿက တွေ့ ပေးထားတာကိုး . . . (မှန်ပါ့) ဖဿက တွေ့ပေးထားတော့ ဆိုးလည်းပစ်နိုင်ရဲ့လား . . . (မပစ်နိုင်ပါဘူးဘုရား) ကောင်း ရင်ကော . . . (မပစ်နိုင်ပါဘူးဘုရား)။

အဲ့ဒါ ဘယ်သူတွေ့ထိပေးလို့တုံး . . . (ဖဿတွေ့ထိ ပေးလို့ပါဘုရား) အဲ ဒါ မပစ်နိုင်တဲ့ တဏှာ၊ မပဘ်နိုင်တဲ့ လောဘ သည် ဒကာဒကာမတွေ ဖဿ လက်ချက်ပဲ . . . (မှန်ပါ့)။

ဖဆဿ ဆက်သွယ်ပေးတဲ့ လက်ချက်ပဲဆိုတာ ကောင်းကောင်း ကျေနပ်ပါရဲ့လား . . . (ကျေနပ်ပါတယ်ဘုရား) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကာမလည်း သိပြီ၊ ကာမဖြစ်ကြောင်းကော . . . (သိပါပြီဘုရား)။

ကာမထူးခြားပုံတွေဆိုတာ ပြောပါဦးမယ် . . . (မှန်ပါ့) ကာမဟာ တော်တော် ထူးထူးခြားခြားပဲ ဒကာ ဒကာမတို့ . . . (မှန်ပါ့)။

## ၃။ ကာမထူးခြားချက်ငါးမျိုး

ကာမသည်ကားလို့ ဆိုရင်ဖြင့် တချို့က အဆင်းကြောင့် အဆင်းခင်တာ ကာမတစ်မျိုး . . . (မှန်ပါ့) အသံကို ကြိုက်နေတဲ့ ကာမက . . . (တစ်မျိုးပါဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲ အနံ့ကြိုက်နေတဲ့ ကာမက . . . (တစ်မျိုးပါဘုရား) အရသာကြိုက်နေတဲ့ ကာမက . . . (တစ်မျိုးပါဘုရား)။ အတွေ့အထိကြိုက်နေတဲ့ ကာမက . . . (တစ်မျိုးပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကာမထူးခြားတာ ငါးမျိုး . . . (မှန်ပါ့) မဆိုနိုင်ဘူးလား . . (ဆိုနိုင်ပါတယ်ဘုရား)။

ကာမထူးခြားတာ အဆင်းကာမက အဆင်းကြိုက်တဲ့ ကာမကတစ်မျိုး . . . (မှန်ပါ့) အသံကြိုက်တဲ့ . . . (ကာမက တစ်မျိုးပါဘုရား) သဘောကျပလား . . . အနံ့ကြိုက်တဲ့ ကာမ ကကော. . . (တစ်မျိုးပါဘုရား)။

အရသာကြိုက်တဲ့ ကာမကကော . . . (တစ်မျိုးပါ ဘုရား) အထည်လေး အနုအညံ့ ကြိုက်တဲ့ ကာမက . . . (တစ်မျိုးပါဘုရား) ကာမဘယ်နှစ်မျိုးရှိတုံး . . . (ငါးမျိုးရှိပါတယ် ဘုရား)။

အဲ . . . ကာမကလည်း ဒကာဒကာမတို့ ကာမထူးထူး ခြားခြားသိထားပါတဲ့၊ ကာမခြောက်မျိုးရှိတယ်လို့ မှတ်ထားလိုက် တာပေါ့ . . . (မှန်ပါ့) ကာမ ဘယ်နှစ်မျိုးရှိတုံး . . . (ခြောက်မျိုး ရှိပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် အင်း ဒါဖြင့် ကာမထူးခြားတာ သိရမယ် ဆိုသောကြောင့်လည်း၊ ထိုးထွင်းပြီး ဒကာဒကာမတွေ သိရအောင်လို့ ဩော် . . . ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးဟာ ကာမ၏ ထူးခြားချက်ပဲလို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား) ရှင်းကြပါပလား . . . (ရှင်းပါပြီဘုရား)။

## ၄။ ကာမ၏အကျိုးပေး

ဒါဖြင့် သုံးနံပါတ် ပြီးသွားပြီနော် . . . (မှန်ပါ့) . . . ကောင်းပြီ ဒကာဒကာမတို့ ကာမ၏ အကျိုးပေးကို သိရဦးမယ် . . (မှန်ပါ့) ကာမ၏ ဘာတုံး . . . (အကျိုးပေးပါဘုရား)။

အဲ ကာမ၏ အကျိုးပေးလည်း သိရဦးမယ်ဆိုတော့ ဒီကာမဆိုတဲ့ လောဘလေး ရှိနေပြီဆိုမှဖြင့် အိုး . . . ကျုပ်က စုတေမနေ သေလိုက်လို့ရှိရင်ဖြင့် လူပြန်ဖြစ်ပဲ ကျေနပ်ပါပြီ၊ နတ်ပြန်ဖြစ်ပြီး ကျေနပ်ပါပြီ ဆိုပြီးသကာလ လူဖြစ်ချင်တဲ့ ကံ၊ နတ်ဖြစ်ချင်တဲ့ကံတွေဟာ ဒီကံတွေဟာ နဂိုကပေါ်လာတာလား၊ ကာမကြောင့် ပေါ်လာတာလား . . . (ကာမကြောင့် ပေါ်လာတာပါဘုရား)။

လူဖြစ်စေချင်တဲ့ကံတွေ ကြိုးစားတာ၊ နတ်ဖြစ်စေချင်တဲ့ ကံတွေ ကြိုးစားတာ . . . (ကာမကြောင့်ပါဘုရား) ကာမကြောင့် ပေါ်လာတာဆိုတာကော ကျေနပ်ပြီလား . . . (ကျေနပ်ပါပြီ ဘုရား)။

ဩော် . . ဒါ ကာမ၏အကျိုးပေးတဲ့ . . . (မှန်ပါ့) ဒီကံ တွေလုပ်ဖြစ်တာ . . . (မှန်ပါ့)။

ကဲ . . ဒကာဒကာမတို့ လူ့ပြည်ရောက်ကြောင်း၊ နတ်ပြည်ရောက်ကြောင်း ကံတွေဟာ ဘယ်သူ့ကြောင့် လုပ်ဖြစ် တာတဲ့ . . (ကာမကြောင့် လုပ်ဖြစ်တာပါဘုရား) အဲ့ဒါ ကာမ၏

အကျိုးပေးကွ . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ ဘုရား)။

အင်း . . . လူ့ပြည်ရောက်ကြောင်း နတ်ပြည် ရောက်ကြောင်း၊ အင် လူ့ပြည်ရောက်ကြောင်းဆိုတာ ဒီသား ဒီသမီးနဲ့ မခွဲအောင် လုပ်တဲ့ကံတွေ ဟူသ၍ ဟာ ကာမကြောင့် လုပ်တာ . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

နိဗ္ဗာန်မရမှီ စပ်ကြားမှာ အပါယ်လေးပါး လွတ်ပြီး သကာလ ဖြစ်ချင်တဲ့ ဘဝတွေကလည်း ကာမကြောင့် လုပ်တာကွ . . . (မှန်ပါ)။

ကာမ၏ အကျိုးပေး . . . (မှန်ပါ) ကာမမရှိ ကာမဆိုတဲ့ လောဘ မရှိတဲ့ပုဂ္ဂိုလ်မှာ ဒီကံတွေ လုပ်ဖြစ်ပါ့မလား . . . (မလုပ်ဖြစ်ပါဘူးဘုရား)။

ဒါဖြင့် ဒီကံတွေက အကျိုးပေးမနေဘူးလား . . . (နေပါတယ်ဘုရား) ကာမက အကြောင်းကံတွေ၊ လုပ်ဖြစ်တာက . . . (အကျိုးပေးပါဘုရား)။

အဲ့ဒါကြောင့် ခင်ဗျားတို့ ဝဋ္ဋကံတွေဟာ အလွန်အရုပ်ဆိုးတော့တယ် ဆိုတာ ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား) မပေါ်သေးဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

ကာမကြောင့် လုပ်တာကွ . . . (မှန်ပါ) ဒီလိုသိထားပါ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## ၅။ ကာမတို့၏ ချုပ်ရာကိုသိရမယ်

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့၊ ရှေ့ဆက်လက်ပြီး သကာလ ငါးနံ့ပါတ်ပြောကြပါစို့ ငါးနံ့ပါတ် ပြောကြပါစို့ ဆိုတော့ ကာမတို့၏ ချုပ်ရာကိုလည်း သိရမယ် . . . (မှန်ပါ့)။

ဩော် . . . ဒါဖြင့် ကာမတို့၏ ချုပ်ရာဆိုတော့ အာရုံ ငါးပါးချုပ်တဲ့ နေရာဟာ နိဗ္ဗာန်ပဲ . . . (မှန်ပါ့) ကာမတို့၏ ချုပ်ရာ (နိဗ္ဗာန်ပါဘုရား) သဘောကျပလား . . . (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကာမတို့၏ ချုပ်ရာကို သိတော့ ကာမတို့၏ ချုပ်ရာကို ဘယ်လိုကျင့်မှ ချုပ်မယ်ဆိုတဲ့ အကျင့်ကို လည်း သိရလိမ့်မယ် . . . (မှန်ပါ့) မသိရပေဘူးလား . . . (သိရ မှာပါဘုရား)။

သိရတဲ့ အခါကျတော့ မဂ္ဂင်အလုပ်လုပ်ပါ . . . (မှန်ပါ့) ဒါပဲ နိဂုံးချုပ်တယ် ဘုရားက . . . (မှန်ပါ့) ကာမတို့၏ ချုပ်ရာ အကျင့်ဟာ ဘာပါလိမ့် . . . (မဂ္ဂင်အလုပ်ပါဘုရား)။

## မဂ္ဂင်သည် ဘယ်ဟာလုပ်ရမှာတုံး

ဒါဖြင့် မဂ္ဂင်သည် ဘယ်ဟာလုပ်ရမှာပါလိမ့်မလဲလို့ မေးဖို့ မလိုဘူးလား . . . (လိုပါတယ်ဘုရား) မဂ္ဂင်ဘယ်ဟာ လုပ်ရမတုံးဆိုတော့ ဒကာဒကာမတို့ ကာမကိုလည်း ရှုနိုင်တယ်

ကာမ၏ အကျိုးပေးကိုလည်း ရှုနိုင်တယ်၊ ကာမကြောင့် ဖြစ်တဲ့ အထည်တွေကိုလည်း ရှုနိုင်တယ် . . . (မှန်ပါ့)။

မရှုနိုင်ဘူးလား . . . (ရှုနိုင်ပါတယ်ဘုရား) ကိုင်း ဒါဖြင့် ဒကာဒကာမတို့ ခန္ဓာငါးပါး တရားသည်ကားလို့ ဆိုလို့ရှိရင် ငါးပါး အာရုံ ကာမဂုဏ်ဟာ ဒီခန္ဓာငါးပါးထဲ အပြည့်အစုံ မရှိဘူး လား . . . (ရှိပါတယ်ဘုရား)။

ကဲ ဒါဖြင့် ဒကာဒကာမတို့ ဒါ ခန္ဓာငါးပါးနော် . . . (မှန်ပါ့) ခန္ဓာငါးပါးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်တဲ့ ကာမိစ္ဆိတဗ္ဗ အလိုရှိတာက ကာမ၊ ကာမိစ္ဆိတဗ္ဗောဆိုတဲ့ အလိုရှိအပ်တာက ဟောဒီ ဒကာဒကာမတို့ ခန္ဓာငါးပါး . . . (မှန်ပါ့)။

အလိုရှိတတ်တာက တဏှာ . . . (မှန်ပါ့) တဏှာကာမ (မှန်ပါ့) ဒါက ဝတ္ထု ကာမ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား) ဒါက ကိလေသာကာမ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ဝတ္ထုကာမဆိုတာ

ဒါကဝတ္ထုကာမ . . . (မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါ ပြီဘုရား) ဝတ္ထုကာမဆိုတာကတော့ အထည်ဝတ္ထုရှိလို့ . . . (မှန်ပါ့) ခန္ဓာငါးပါးဆိုတဲ့ အထည်ဝတ္ထုကြီးဟာ ဝတ္ထုကာမ . . . (မှန်ပါ့)။

## ကိလေသာကာမဆိုတာ

ကိုယ့်သန္တာန်မယ် ဒါကလေး ခင်တဲ့မင်တဲ့ စိတ်ကလေးက်တော့ ကိလေသာ ကာမ . . . (မှန်ပါ့) ဒီကာမနဲ့ ဒီကာမ တခြားစီနော် . . . (မှန်ပါ့)။

**ခန္ဓာငါးပါးဟာ ဘာတဲ့ . . . (ဝတ္ထု ကာမပါဘုရား) ဝတ္ထု ကာမ ခန္ဓာငါးပါး ခင်တွယ်နေတဲ့ စိတ်ကလေးက . . . (ကိလေ သာကာမပါဘုရား)။**

အဲ. . . ကွဲသွားပါပြီတဲ့ ဒကာဒကာမတို့ နော် . . . (မှန်ပါ့) အဲတော့ ကိလေသာ ကာမဟာ ဘယ်တွယ်နေတုံးမေး လို့ရှိရင် ဝတ္ထုကာမကို တွယ်နေတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ကိလေသာကာမဟာ ဘယ်မှာတွယ်ကပ်နေပါလိမ့်

ကိလေသာ ကာမဟာ ဘယ်တွယ်ကပ်နေပါလိမ့် . . . (ဝတ္ထုကာမအပေါ်မှာ တွယ်ကပ်နေပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သူ့မကပ်စေချင်လို့ရှိရင်ဖြင့် ဒီဥစ္စာသည် ကိလေသာ တရား၊ ကိလေသာဆိုတဲ့ လောဘ တရား၊ ဒီလောဘတရားသည် ခန္ဓာငါးပါးတည်းဟူသော ဝတ္ထု ကာမမှာ သူကပ်ပြီးသကာလ နေတော့တယ်ဆိုတာတော့ မှန်ပါ ပြီ . . . (မှန်ပါ့)။

တချို့က ရုပ်ကိုခင်တယ် . . . (မှန်ပါ့) တချို့က ကောင်း စားတာလေးကို . . . (ခင်ပါတယ်ဘုရား) တချို့ကလည်း ပညာဆိုတဲ့ ကျောက်ပညာ အမှတ်အသားလေးကို . . . (ခင်ပါ တယ်ဘုရား) ခင်တယ်။

တချို့ကလည်း ကိုယ်က စေတနာကောင်းလေးပဲ၊ ကျုပ် ကတော့ဖြင့် ဒီဘဝ စေတနာကောင်းတာ အမှန်ပါပဲ၊ ကျုပ် စေတနာလို ကောင်းတာ လည်ရှာဦး ဆန်ထုပ်နဲ့ရှာ ဆန်ကုန် စရာသာရှိတယ်။ ကျုပ်စေတနာလောက် ကောင်းတာမရှိဘူး . . . သူ့စေတနာလေးသူ ခင်တယ် . . . (မှန်ပါ့)။

ကျုပ် စိတ်ကောင်းလို့ကော မပြောကြဘူးလား . . . (ပြောပါတယ်ဘုရား) အင်း သူက ဝိညာဏက္ခန္ဓာ ခင်ပြန်တယ် ဆိုတော့၊ ဩော် ခင်ဗျားတို့ ခင်လုံးကလေးကလည်း ခင်ဗျားတို့ ခန္ဓာငါးပါးထဲမှာ ဘယ်မှာများ ခြွင်းချက် ထားသေးတုံး . . . (မထားပါဘူးဘုရား)။

## အလိုရှိအပ်တဲ့ကာမ၊ အလိုရှိတတ်တဲ့ကာမ

ဒါကြောင့် သူအလိုရှိအပ်သောကြောင့် ကာမ ဒါက အလိုရှိတတ်တဲ့ ကာမ . . . (မှန်ပါ့) သူက အလိုရှိအပ်တဲ့ကာမ (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဩော် ဒီ ကာမဆိုတဲ့ ကိလေသာအလိုရှိတတ်တဲ့ ကာမတွေ ဘယ်မှာ တွယ်တာနေပါလိမ့်မလဲလို့ လက်သည် ရှာ . . . (ဝတ္ထုအပေါ် မှာ တွယ်ပါတယ်ဘုရား)။

**အဲ့ဒါကြောင့် ခင်ဗျားတို့ ဝိပဿနာရှုတော့ ဝတ္ထုကာမကို ရှု . . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား) ဘယ်ဟာကို ရှုရပါမယ် (ဝတ္ထုကာမကို ရှုရမှာပါဘုရား)။**

ဒါကြောင့် ခင်ဗျားတို့ ခန္ဓာငါးပါးထဲက တစ်ပါးပါး ကြိုက်တာ ရှုစမ်းပါလို့၊ ဆရာဘုန်းကြီးက နေ့တိုင်းနေ့တိုင်း သတိပေးပြီး သကာလနေတာ၊ ဝတ္ထုကာမမှာ ကိလေသာ ကာမက ကပ်နေတယ်. . . (မှန်ပါ့) မကပ်ဘူးလား . . . (ကပ်ပါတယ် ဘုရား)။

အဲဒါကြောင့် နောက်ကနေပြီးသကာလ ကိလေသာ ကာမမလာရအောင်၊ ဒကာဒကာမတွေက ဝိပဿနာမဂ်တွေနဲ့ ဝိပဿနာမဂ်ရင့်အောင် မရှုရပေဘူးလားဗျာ . . . (ရှုရပါတယ် ဘုရား)။

## ဝတ္ထုကာမကိုသာဝိပဿနာရှု

အဲ ရှုတဲ့အခါကျတော့ မောင်နိုင်တို့ ကိုမြင့်တို့က ဘယ်ဟာ ရှုရမှာတုံးဆိုတာ ယနေ့တော့ ရှင်းပြီ . . . (ရှင်းပါပြီ ဘုရား) ဝတ္ထုကာမသာ ရှုဟေ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘာရှုကြမယ် . . . (ဝဋ္ဋကာမသာ ရှုရမှာပါဘုရား) အဲ ဝဋ္ဋကာမဆိုတာ တရားကိုယ်ကောက်လိုက်တော့ ဘာရ တုံး (ခန္ဓာငါးပါး ရပါတယ်ဘုရား)။

အဲ ခင်ဗျားတို့ ခန္ဓာငါးပါးကိုသာ ခင်ဗျားတို့ ရှုပါ (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား) ခင်ဗျားတို့ အခင်ဆုံး ကို ရှာလို့ရှိရင်လည်း၊ အတ္တသမံပေမံနတ္ထိဆိုတဲ့ ခင်ဗျားတို့ နှုတ်တက်နေတဲ့ ပါဠိကလေးလည်း ရှိပါတယ် . . . (မှန်ပါ့)။

## ကိုယ့်ကိုယ်ကို အချစ်ဆုံး

ဟုတ်လား . . . အတ္တသမံ-မိမိနဲ့တူသော၊ ပေမံ-ချစ်တဲ့ ပုဂ္ဂိုလ်သည်၊ နတ္ထိ-မရှိဘူးကွ . . . (မှန်ပါ့) ကိုယ့်ကိုယ် အချစ်ဆုံး ကွ . . . (မှန်ပါ့) ဆိုတော့ ဩော် . . . ဝဋ္ဋကာမကို ကိလေသာ ကာမနဲ့ အတွယ်ဆုံးလို့ ပြောတာ . . . (မှန်ပါ့)။

အငြိဆုံး အကပ်ဆုံးပဲဆိုရင်ကော ဒကာဒကာမတွေ မမှန်ဘူးလား . . . (မှန်ပါတယ်ဘုရား)။

အဲ့ဒါကြောင့် နိဗ္ဗာန်မရတာသည် ဒကာဒကာမတို့ ဝဋ္ဋကာမနဲ့ ဝဋ္ဋကာမကို ကိလေသာ ကာမနဲ့ မခွဲနိုင်တာနဲ့ မရတာ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘာကြောင့် နိဗ္ဗာန်မရကြသလဲ . . . (ဝဋ္ဋကာမကို ကိလေသာ ကာမနဲ့ မခွဲနိုင်လို့ ပါဘုရား) ရှင်းပြီလား . . . (ရှင်း ပါပြီဘုရား)။

ဒါဖြင့် တရားကိုယ် ကောက်ကြပါစို့ဆိုတော့ သမုဒယ သစ္စာဆိုတဲ့ ကိလေသာကာမဟာ မောင်နိုင် သေသေချာချာသူ မင်္ဂတားဖိုလ်တားပဲ ပေါ်လာတယ် . . . (ပေါ်လာပါတယ် ဘုရား)။

မပေါ်သေးဘူးလား . . . (ပေါ်လာပါတယ်ဘုရား) အဲ့ဒီ တော့မှ ဘုန်းကြီးတို့ ဒကာဒကာမတွေက ကိုင်း ဒါဖြင့် သူဟာ တွယ်စရာ ရှိလို့ ကပ်နေတာ . . . (မှန်ပါ့) ရှင်းကြလား . . . (ရှင်းပါတယ်ဘုရား)။

ဘယ်လိုမှတ်ကြမယ် . . . (တွယ်စရာရှိလို့ ကပ်နေတာ ပါဘုရား) ကဲ တွယ်စရာ ဖြုတ်လိုက်ကြစို့ . . . (ကပ်စရာ မရှိပါဘူးဘုရား) ကပ်စရာ ဘယ့်နဲ့တုံး . . . (မရှိပါဘူးဘုရား)။

## သူတို့ကို ဖြစ်ပျက်ရှု

ဒါကြောင့် သူတို့ကို ဖြစ်ပျက်ရှုလို့ ပြောတာ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား) သူတို့ ဖြစ်ပျက် ရှုလိုက် တဲ့အခါ ဖြစ်ပြီး ပျက်သွားပြီ၊ ဖြစ်ပြီး ပျက်သွားပြီ၊ ဖြစ်ပြီး ပျက် သွားပြီလို့ ခင်ဗျားတို့က မဂ္ဂင်ကလေးနဲ့ ကြည့်နေတော့၊ ခုနက တွယ်ချင်ကပ်ချင်တဲ့ တဏှာလေးက ဝင်ခွင့်လာသေးရဲ့လား . . . (မလာပါဘူးဘုရား)။

မလာတော့ ဘယ့်နှယ်ကြောင့် မလာပါတုံးဆိုတော့ . . . အို ဝတ္ထုကာမ သူအလိုရှိတဲ့ ကာမ အာရုံတွေ မဟုတ်တော့ဘူးတဲ့ . . . ဒကာဒကာမတို့ ဝိပဿနာဉာဏ်၏ အာရုံ ဖြစ်သွားပြီ (မှန်ပ့ါ)။

သူ အလိုရှိတဲ့ အစိုင်အခဲ ဟုတ်သေးရဲ့လား . . . (မဟုတ်တော့ပါဘူးဘုရား) သူအလိုရှိတဲ့ အလှအပကော . . . (မဟုတ်တော့ပါဘူးဘုရား) သူအလိုရှိတဲ့ သုဘတွေကော . . . (မဟုတ်တော့ပါဘူးဘုရား)။

သူလည်း ဒီတဏှာတွေရှိတဲ့ သုခတွေကော . . . (မဟုတ်တော့ပါဘူးဘုရား)။

အင်း သားလေးမျက်နှာကြည့်နေရတာ စိတ်ချမ်းသာလိုက်တာ၊ သမီးလေးမျက်နှာ ကြည့်နေရတာ အမောကို ပြေသွားတာပဲ အစရှိသည်နဲ့၊ ဒါ ဝတ္ထုတွေ ဖြစ်နေတာ သားသမီးတွေ ဖြစ်နေတုန်းကတော့ ဒီဥစ္စာကို ကိလေသာ ကာမက ရှိနေတယ် . . . (မှန်ပ့ါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

အခုတော့ဖြင့် မိမိခန္ဓာကိုယ်ကြီးကိုပင်လျှင် တစ်ခါတည်း အနိစ္စ၊ ဖြစ်ပြီးပျက်တဲ့ အနိစ္စတွေ၊ အင်း ခဏခဏ ဆင်းရဲတဲ့ ဒုက္ခ၊ အင်း ဘယ်သူမှ မပိုင်တဲ့ ဖြစ်ပျက်အနတ္တတွေ၊ ဒါတွေကိုသာ ဆရာဘုန်းကြီးကလည်း ကြည့်ခိုင်း၊ ဘုရားကလည်း ကြည့်ခိုင်းတဲ့ အခါကျတော့ ဒီဝတ္ထုကာမကို ရှိသေးရဲ့လား . . . (မရှိတော့ပါဘူးဘုရား)။

အင်း ဝတ္ထုကာမ မရှိလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ကိလေသာ ကာမ နင်သွားတော့လို့ နှင်ရသေးရဲ့လား . . . (မနှင်ရတော့ပါဘူးဘုရား)။

## ဝတ္ထုကာမဟာ ဘယ်ကလာသတုံး

ဘာပြုလို့တုံး . . . (ဝတ္ထုကာမ မရှိလို့ပါဘုရား) ဝတ္ထုကာမ မရှိဘူး၊ ဒါကြောင့် ဝတ္ထုကာမဟာ ဘယ်ကလာသတုံး ဆိုတာလေး ယနေ့ ထူးထူးခြားခြားသာ ဒကာဒကာမတွေကို ပြောလိုက်ပါဦးမယ် နော် . . . (မှန်ပါ့)။

ဝတ္ထုကာမဟာ ဘယ်ကလာသတုံးဆိုတော့၊ ဒကာဒကာမတွေ ဒါတွေကို နိစ္စထင်နေလို့ လာတာပါ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါတွေ ဘာထင်နေသတုံး . . . (နိစ္စထင်နေပါတယ်ဘုရား) နိစ္စထင်နေလို့ သူ ဝတ္ထုကာမဖြစ်တာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား).

ဘယ်လိုထင်နေတုံး . . . (နိစ္စထင်ပါတယ်ဘုရား) နိစ္စထင်နေလို့ ခိုင်တယ်၊ မြဲတယ်လို့ ထင်နေလို့ ဒကာဒကာမတွေရဲ့ ဝတ္ထုကာမ ဖြစ်နေတာ . . . (မှန်ပါ့)။

မခိုင်မမြဲတဲ့ ဘက်ကို ဘုန်းကြီးက ကြည့်ခိုင်း ဘုရားက ကြည့်ခိုင်းလို့ ခင်ဗျားတို့ ဉာဏ်နဲ့ကြည့်လို့ မြင်လို့ရှိရင်ဖြင့်တဲ့

အနိစ္စဟာ ပေါ်မလာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတော့ ဝတ္ထုကာမ ဖြစ်သေးရဲ့လား . . . (မဖြစ်တော့ပါဘူး ဘုရား) ဝတ္ထုကာမမှ မရှိဘဲနဲ့ ကိလေသာကာမ မသေပါနဲ့ဆိုလို့ ရဦးမလား . . . (မရပါဘူးဘုရား)။

## ဝတ္ထုကာမပြုတ်မှ ကိလေသာကာမပြုတ်မယ်

အဲဒါကြောင့် ယနေ့ တရားမှာ ဝတ္ထုကာမ ဖြုတ်ပြီး ပြုတ်မှ ကိလေသာ ကာမ ပြုတ်မယ် ပြောတာ . . . (မှန်ပါ့) ဝတ္ထုကာမ ပြုတ်မှ . . . (ကိလေသာကာမ ပြုတ်မှာပါဘုရား) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဝတ္ထုကာမ ပြုတ်မှ . . . (ကိလေသာကာမ ပြုတ်မှာပါဘုရား) အဲ ဝတ္ထုကာမပြုတ်ဆိုတာ ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်ပြုတ်ပြီ . . . (မှန်ပါ)။

အဲ ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဝေဒနာကြည့်လို့ ဖြစ်ပျက်မြင်တယ်၊ စိတ်ကြည့်လို့ ဖြစ်ပျက်မြင်တယ်၊ ရုပ်ကြည့်လို့ ဖြစ်ပျက်မြင်တယ်၊ မြင်ချင်တာမြင်ပါ ဒကာဒကာမတို့ မြင်တာသည် ဝတ္ထုကာမပြုတ်တာ . . . (မှန်ပါ့)။

ဝတ္ထုကာမ ပြုတ်တဲ့အခါကျတော့၊ ကိလေသာတည်းဟူသောတရား အထူးပယ်ရသေးသလားလို့ ဆိုတော့၊ တွယ်စရာ မရှိလို့ အတွယ်ပြုတ်ပါပြီ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

တွယ်စရာ မရှိလို့ . . . (အတွယ်ပြုတ်ပါပြီ ဘုရား) သေသေချာချာ မရှုင်းမလုပ်နဲ့ ဒကာဒကာမတွေ . . . (ရှင်းပါတယ်ဘုရား)။

အဲ့ဒါကြောင့် ခုနက ပြောခဲ့တဲ့စကားလေး တစ်လုံးကို အသေအချာ ဝတ္ထုကာမသည် နိစ္စကလာတာ . . . (မှန်ပါ့) ဝတ္ထုကာမဟာ နိစ္စထင်လို့ လာတာနော် . . . (မှန်ပါ့) နိစ္စမထင်ခဲ့သော် . . . (မလာပါဘူးဘုရား)။

အဲဒါဖြင့် ခင်ဗျားတို့ နိစ္စက နိဗ္ဗာန်ရောက်တဲ့ အကြောင်းဟာလည်း ရှင်းသွားပြီ . . . (ရှင်းသွားပါပြီဘုရား) မရှင်းသေးဘူးလား . . . (ရှင်းပါပြီဘုရား)။

## သားတော်ရာဟုလာ

ဒါကြောင့် ရာဟုလာ ဟောတယ်၊ ရာဟုလာမှာ ရာဟုလာက ဘုရားကရှေ့က ဆွမ်းခံကြွတယ်၊ ဆွမ်းခံကြွတော့ ခြေခြည်တော်တွေ ဘာတွေနဲ့ ကြည့်လိုက်တယ်၊ ရောင်ခြည်တော်တွေ ဘာတွေနဲ့ ကြည့်လိုက်တော့ . . . သြော် ငါ၏ဖခင်ခမည်းတော်ဟာ ခုကြည့်စမ်း တင့်တယ်လိုက်တဲ့ ဖြစ်ခြင်း မပြောနဲ့တော့ . . . (မှန်ပါ့)။

ဒါ ခု သာသနာဘောင်မှာ ဒီလိုဖြစ်နေတာ၊ လူအဖြစ်နဲ့သာဆို စကြဝတေးမင်းကြီးလည်း ဒီလိုပဲ တင့်တယ်နေမှာပဲ၊

ဘယ်လောက်များ နေရာကျမတုံး သူ့ဖခင်၏ ရုပ်သဏ္ဍာန်ကို သူလမ်းဆုံးပြီးသကာလ တစ်ခါတည်း သူက နောက်ကနေပြီး ငါလည်း အဲ့ဒီအချိန်မှာ ကြည့်စမ်း စကြဝတေးမင်းကြီး၏ သားတော်ကြီးဆိုတာ ဖြစ်ရတော့မယ် . . . (တင်ပ့ါ)။

## ဖောက်ပြန်နေတာ နိစ္စနိမိတ်

ဖောက်ပြန်နေတာကိုး နောက်က . . . (မှန်ပ့ါ) ဆွမ်းခံသွားရင်း ဖောက်ပြန်နေတာ နိစ္စ နိမိတ်နော် . . . (မှန်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ခိုင်တယ်မြဲတယ်လို့ ထင်တဲ့နိမိတ် ဘုရား၏ အနိစ္စ သူရှု ဖြစ်သေးရဲ့လား . . . (မရှုဖြစ်ပါဘူးဘုရား) မရှုဖြစ်တဲ့ အတွက် သူဟာ အခုဘုရားဖြစ်နေလို့ သာသနာဘောင်ဝင်လာလို့သာ ခု တင့်တယ်တာ မြင်ရတယ်။

## စကြဝတေးမင်းကြီးသားတော်ကြီး

လူဖြစ်ခဲ့လို့ရှိရင် စကြဝတေးမင်းကြီး သေသေချာချာ တင့်တယ်မှာပဲ၊ တင့်တယ်ခဲ့လို့ရှိရင် သူတင့်တယ်လို့ရှိရင် ငါက လည်း သားတော်ကြီးအဖြစ်နဲ့ဆိုတော့၊ လေးကျွန်းအုပ်စိုးရတဲ့ သားတော်ကြီးထဲ အပါအဝင်ဖြစ်မှာပဲ၊ ဘုရားက သိတယ်

ရာဟုလာ ဖောက်နေပြီဆိုတာ ဒကာဒကာမတို့ . . . (မှန်ပါ့)
မသိလိုက်ဘူးလား . . . (သိပါတယ်ဘုရား)။

ရာဟုလာ ဖောက်ပြီဆိုတာ ဆွမ်းခံသွားရင်း ငှက်သင့်တယ်၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဆွမ်းခံသွားရင်း သူ့ဖခမည်းတော်က ရှေ့ကသွားလို့ တင့်တယ်နေတာနဲ့၊ သူကနေပြီးသကာလ အင်း ငါလည်း ဒီအရွယ်ဖြင့် ဒီလိုပဲ သားတော်အဖြစ်နဲ့ အင်မတန် တင့်တယ်မှာပဲဆိုပြီး နိစ္စနိမိတ်ကြောင့် သူမာနတက်နေတယ် . . . (မှန်ပါ့)။

အဲ့ဒီတင် ဘုရားက ရာဟုလာ ထိုင်ဦးကွ ဘုရားကလည်း သစ်ပင်အခြေရင်းမှာ နေကထိုင် ခင်းပေ့ဆိုပြီး ထိုင်ပြီးတော့ ရာဟုလာ ဟောရရှာသေးတယ်. . . (မှန်ပါ့)။

## ခန္ဓာကြီးကို အနိစ္စဖြစ်ပျက်ရှု

ရာဟုလာကို သက်သက်ဟောတာ. . . (မှန်ပါ့)
ရာဟုလာ ချစ်သား ရာဟုလာ၊ နိစ္စမထင်ဘဲနဲ့ အနိစ္စဆိုတဲ့ နိမိတ်ကိုမင်းပွားလိုက်စမ်းပါ။

အနိစ္စ ရှုလိုက်စမ်း၊ ငါ့ခန္ဓာ အနိစ္စရှု၊ မင်းခန္ဓာ အနိစ္စရှုသဘောကျပလား. . . (ကျပါပြီဘုရား)။

ခုနက နိစ္စ နိမိတ်ကြောင့် သူမာန ဖြစ်လာတာ (မှန်ပါ့) ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် အနိမိတ္တ အမည်ရတဲ့ အနိစ္စနုပဿနာကို ဘာဝေဟိ မင်းဒီနေရာပွားတော့. . . (မှန်ပါ့)။ ဒီနေရာ မပွားရင် သွားတော့မယ်. . . (မှန်ပါ့)။

ဒီအချိန် သူ ရဟန္တာမှ မဖြစ်သေးတော့ သူပေါ်နေသေး တာကိုး. . . (မှန်ပါ့) ကဲ ဒါဖြင့် ဒကာဒကာမတို့ နိစ္စနိမိတ် ကြောင့် ခုနက ကိလေသာကာမ လာတယ်ဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

အဘယ်ကြောင့် လာပါလိမ့်. . . (နိစ္စနိမိတ်ကြောင့်ပါ ဘုရား) နိစ္စထင်နေတာနဲ့နော် (မှန်ပါ့) သူ့အဖေ ခန္ဓာကြီးကို လည်း သူအနိစ္စမမြင်၊ သူ့ခန္ဓာကိုယ်ကော (အနိစ္စ မမြင်ပါဘူး ဘုရား)။

မမြင်တဲ့အတွက် သူသာ စကြဝတေးမင်းဖြစ်လို့ရှိရင် ငါသားတော်ကြီးဖြစ်ပြီး ဘယ်လောက်များ နေရာကျမတုံးဆိုတဲ့ တစ်ခါတည်း ကိလေ သာ ကာမတွေ မာနတွေ တွဲမလာဘူး လား. . . (လာပါတယ်ဘုရား)။

အဲဒီတင်မှ ဘုရားက ရာဟုလာ ဆွမ်းခံသွားရင်း ဖောက် နေပြီဟ ထိုင်ဦးကွဆိုပြီး နေကထိုင်ခင်းခိုင်းပြီး ဟောရရှာတယ် (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့လည်း တစ်ခါတလေကျတော့ သားလေးကြီးပြင်းသူ လူလားမြောက်လို့ရှိရင် လိမ္မာပုံနဲ့ဆိုရင် ကြိုးစားရမှာပါပဲ နိစ္စနိမိတ်. . . (မှန်ပါ့)။

သမီးလေးကြီးပြန်လို့ ချက်ချက်ချာချာ ရှိပြန်တော့ မိန်းမလို ခင်ဗျားတို့ ယောကျ်ားလို အားကိုးရမှာပါပဲ အင်း. . . လာချင်လာပစ်လိုက်တာ. . . (မှန်ပါ့)။

ခက်လိုက်တဲ့ဖြစ်ခြင်း ဖောက်နေတာက အိပ်မက်နဲ့ဖောက်နေကြတာ. . . (မှန်ပါ့) မဖောက်ဖူးလား. . . (ဖောက်ပါတယ်ဘုရား)။

အဲဒီလို ဖြစ်ပြီးသကာလနေတော့၊ မလိမ္မာတာကြည့်လိုက်ပြန်တော့၊ ခုသာမလိမ္မာတာ အရွယ်လေးရောက်လာတော့ သူ့ဟာသူ လိမ္မာလာဦးမှာပဲဆိုပြီး၊ နိစ္စနိမိတ်ချည့် သွားနေတာပဲ ဘယ်ကိုလျှော့ကို မလျှော့ဘူး. . . (မှန်ပါ့)။

လျှော့သေးရဲ့လား. . . (မလျှော့ပါဘူးဘုရား) တော်တော်ဆိုးပါလား ဒကာ ဒကာမတို့. . . (ဆိုးပါတယ်ဘုရား)။

အဲဒီမှာတင် ခင်ဗျားတို့သည် ဒီခန္ဓာကြီးအပေါ်မှာ ခုနကအလိုရှိတတ်တဲ့ ကာမဟာ မောင်နိုင်ခွဲကို မခွဲတော့ဘူး (မှန်ပါ့) ကိုမြင့် ခွဲသေးရဲ့လား. . . (မခွဲတော့ပါဘူးဘုရား)။

## ဝိပဿနာဉာဏ်ဟာ နေရာတိုင်းသတိထား

အဲဒါကြောင့် ခင်ဗျားတို့ အကြည့်အရှုကိုပဲ ဝိပဿနာ ဉာဏ်ဟာ နေရာတိုင်း သတိထားကြရလိမ့်မယ်နော်. . . (မှန်ပါ့) မထားလို့ရှိရင် ခင်ဗျားတို့ အိမ်ထဲတွင်လည်း ဖောက်နေ တာပဲ (မှန်ပါ့)။

အမေ့ မျက်နှာကို သားသမီးကကြည့်လိုက်ပြန်တော့၊ အို ဒို့အမေ တစ်ခါတည်း ရှားမှရှား အားကိုးရတယ်၊ အင်း နိစ္စ နိမိတ်နဲ့ ပြောလိုက်ပြန်ပြီ. . . (မှန်ပါ့)။

အားကိုးရတယ်ဆိုတဲ့ မာနတဏှာ မလာဘူးလား. . . (လာပါတယ်ဘုရား) သားသမီးတွေကြည့်လိုက်ပြန်တော့ အင်း သူတို့သည်ကားလို့ဆိုရင်၊ ချက်ချက်ချာချာ ကလေးတွေနဲ့ သူတို့ ဟာ သူတို့တော့ဖြင့် အလုံအလောက်ပါပဲ၊ သူတို့အတွက်ဖြင့် မပူပါဘူး အစရှိသည်နဲ့၊ ခင်ဗျားတို့သည် နိစ္စနိမိတ်ကြည့်ပြီး သကာလ အားကိုးလိုက်တဲ့အခါလည်း အားကိုးလိုက်တယ်၊ ခင်တာပိုတဲ့အခါလည်း ပိုလိုက်ကြတယ်. . . (မှန်ပါ့)။

ခန္ဓာငါးပါးကို နိစ္စထင်လို့ လာတာတွေ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား) သုဘထင်လို့လာတယ် နိစ္စထင်လို့လာတယ် သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲ့ဒါ ခင်ဗျားတို့ အိမ်မှာနေလို့ရှိရင်ဖြင့် ဒါပဲ လှည့်ကြည့် နေမှာပဲ. . . (မှန်ပါ့) မကြည့်ပေဖူးလား. . . (ကြည့်ပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီဥစ္စာ အနိစ္စနိမိတ်ထင်အောင်ကို ဘုရားက ရာဟုလာ နောက်က ဇွဲဖောက်နေလို့ ချက်ချင်း ဟောပစ်ရတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါ ဘာဖြစ်တာတုံးဆိုတော့ ကိလေသာ ကာမ ဖြုတ်ခိုင်းတာ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ရာဟုလာကို ဆုံးမတော်မူတယ်

မာန၊ အနုသယတွေကို လွန်မြောက်နိုင်မှသာလျှင် ကိလေသာမီး၊ ခန္ဓာမီးတွေ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို မင်းမျက်မှောက်ပြု၍ ရောက်နိုင်လတ္တံ့။

ဒီလို ဟောလိုက်တော့ ရာဟုလာသည်ကားလို့ဆိုရင် ပြန်ပြီး သကာလ မာနကျပြီး သကာလ၊ ခုနက ဝိပဿနာဉာဏ် ပြန်ဆက်ရတယ်. . . (မှန်ပါ့)။

သို့သော် ရဟန္တာ ဖြစ်တယ်လို့တော့ မဆိုလိုပါဘူး နောက် သူ့ ရာဟုလာသုတ် သီးသန့်ဟောရဦးမယ်၊ ဓာတ်လေးပါးတွေ ဘာတွေနော်. . . (တင်ပါ့)။

ကဲ ဒကာ ဒကာမတို့၊ ဒီမှာက ကိလေသာ ကာမဟာ သိပ်ကြောက်စရာ ကောင်းတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကို ခင်ဗျားတို့ သေသေချာချာ တစ်ခု စီပေါ်အောင် ရှုတဲ့အချိန်မှာ မရောစေနဲ့လို့ ပြောလိုက်ပါတယ်. . . (မှန်ပါ့)။

## နာမ်နှင့်ရုပ်ရောမရှုနဲ့

နာမက္ခန္ဓာ နာမက္ခန္ဓာချည့်ရှု၊ ရူပက္ခန္ဓာကော. . . (ရူပက္ခန္ဓာချည့် ရှုရမှာပါဘုရား) နာမ်နဲ့ရုပ် ရောရှုလိုက်လို့ရှိရင် ခန္ဓာငါးပါး ပေါင်းသွားလိမ့်မယ်. . . (မှန်ပါ့)။

ပေါင်းသွားလို့ရှိရင်ဖြင့် အလိုရှိအပ်တဲ့ ကာမကြီးဖြစ်ပြီး သကာလ ဝိပဿနာဉာဏ် မဆိုက်ပေဘူး. . . (မှန်ပါ့)။ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါကြောင့် တစ်ခုခုသာ ဧကော ဓမ္မော လုပ်ပြီးသကာလ စိတ်ကြိုက်ရင် စိတ်ရှုပါ. . . (မှန်ပါ့) ဝေဒနာကြိုက်ရင်. . . (ဝေဒနာရှုရမှာပါဘုရား) သညာကြိုက်ရင်. . . (သညာရှုရမှာ ပါဘုရား)။

ရုပ်ကလေးကြိုက်ရင်. . . (ရုပ်ကလေး ရှုရမှာပါဘုရား) ရှုပါတဲ့ အဲဒီလို ရှုလိုက်လို့ရှိရင် သူတို့ဖြစ်ပျက်မြင်လို့ရှိရင်ဖြင့် ခုနက ကိလေသာ ကာမဟာ နေနိုင်သေးရဲ့လား. . . (မနေနိုင် ပါဘူးဘုရား)။

ဒါဖြင့် သူတို့က ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ. . . (မှန်ပါ့) သေသွားတော့ ကိလေသာကာမဟာ နေနိုင်သေးရဲ့လား. . . (မနေနိုင်ပါဘူးဘုရား)။

ဒါဖြင့် သူတို့က ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ. . . (မှန်ပါ့) သေသွားတော့ ကိလေသာကာမဟာ သမုဒယချုပ်တာ. . . (မှန်ပါ့) အင်း. . . ဘယ်သူ့ကြောင့် ချုပ်ပါလိမ့်မတုံးဆိုတော့ ဖြစ်ပျက်မြင်တဲ့ မဂ်ကြောင့် ချုပ်တာ. . . (မှန်ပါ့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ဒီမဂ်သည်ကားလို့ဆိုရင်၊ ကိလေသာကာမကို သတ်လိုက်တဲ့အတွက်၊ တဏှာနောက်က ဥပါဒါန် လိုက်သေးရဲ့လား (မလိုက်တော့ပါဘူးဘုရား)။

ကံကော. . . (မလိုက်တော့ပါဘူးဘုရား) မလိုက်လို့ရှိရင် နောက်ဘဝ ဇာတိ၊ ဇရာ၊ မရဏဆိုတာ (မရှိတော့ပါဘူးဘုရား)

## သစ္စာလေးပါးကို အားထုတ်စမ်းပါ

မလိုက်နိုင်တော့ နောက်ဘဝ ဇာတိ၊ ဇရာ၊ မလိုက်မှုသည် နိရောဓ သစ္စာလို့မှတ်ပါ. . . (မှန်ပါ့) အားထုတ်စမ်းပါ သစ္စာလေးပါး. . . (မှန်ပါ့)။

ဖြစ်ပျက်က ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား) သေတာက. . . (သမုဒယ သစ္စာပါဘုရား) အင်း. . . သေအောင်လုပ်တဲ့တရားက. . . (မဂ္ဂသစ္စာပါဘုရား)။

အင်း သူ့ကနေပြီး သမုဒယဖြတ်လိုက်တဲ့အတွက် နောက်က ကံတွေ ဇာတိ၊ ဇရာ၊ မရဏတွေ ချုပ်တာက. . . (နိရောဓ သစ္စာပါဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ တစ်ခုတစ်ခုစီရှိရင် နိစ္စနိမိတ်တွေပျောက်ပြီး၊ အနိစ္စ နိမိတ်တွေထင်ပါလိမ့်မယ် အသေအချာ မဂ်ရမယ်လို့မှတ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု . . . ။